ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၈၆.၁၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ၂၁-၈-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့် ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပဲခူးတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မျက်စိခွဲစိတ်ကုသ။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ဆေးရုံတက်ရောက်ကုသ။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါ တယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၃၁) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်ရှိ ၂၀၁၃-၂၀၁၄/၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ချမှတ်ပေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ခြင်း မပြုနိုင်သော ပွိုင့် (၈၉၆၁) နေရာတွင် GSM တာဝါတိုင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်ရှိ ၂၀၁၃-၂၀၁၄/၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ချမှတ်ပေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ခြင်း မပြုနိုင်သော ပွိုင့် (၈၉၆၁) နေရာတွင် GSM တာဝါတိုင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်ရှိ ပွိုင့်(၈၉၆၁)၌၂၀၁၃-၂၀၁၄/ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်မှ မတူပီမြို့နယ် GSM (MPT) တာဝါတိုင် စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဘတ်ဂျက်နှစ်ခါ ချပေးသော်လည်း ဘတ်ဂျက် ချပေးတာ နည်းတဲ့အတွက်ကြောင့် တာဝါတိုင် မဆောက်လုပ်ဖြစ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ၎င်းနေရာတွင် ကားလမ်းမပေါက်သေးသောကြောင့် ကုန်ကျစရိတ်နှင့် ချပေးထားသော ဘတ်ဂျက်ဟာ လုံလောက်မှုမရှိသောကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာန၊ န.တ.လဦးစီးဌာနမှ ၎င်းနေရာအနီးတွင် (၁၈)ပေအကျယ် ကားလမ်း ဖောက်လုပ်ထားပြီးဖြစ်သောကြောင့် ပြန်လည်တည်ဆောက်ပေးမယ်ဆိုပါက အဆင်ပြေမယ် ဖြစ်ပါတယ်။ ၎င်းနေရာ၌ ဖုန်းတာဝါတိုင် တည်ဆောက်ပေးမည်ဆိုပါက ပင်လယ်ရေမျက်နှာပြင်အမြင့် (၈၉၀၀)ကျော် တောင်ကုန်းပေါ်တွင် တည်ရှိသောကြောင့် မတူပီမြို့နယ်၏ ဧရိယာ(၄၀)ရာခိုင်နှုန်းခန့် အောတရော တောင်တန်းအရှေ့ဘက်ခြမ်းရှိ ရွာပေါင်း(၃၀)ကျော်မှ ပြည်သူလူထု(၃၀၀၀၀)ကျော် ဖုန်းလိုင်း ရရှိနိုင်မယ်

ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက အိန္ဒိယချေးငွေဖြင့် အကောင်အထည်ဖော်ရန် စီမံကိန်းချပေးထားသော မတူပီပွိုင့်(၅၀၀၀)၊ ဘနိုင်တောင်ပွိုင့်(၆၂၀၂)၊ ရေဇွာပွိုင့်(၆၅၃၈)တို့သည် ဟားခါး-ရေဇွာ-မတူပီ လမ်းကြောင်းပေါ်တွင် တောက်လျှောက်သွားနေသော မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း၊ ဟားခါး-မတူပီ လမ်းကြောင်းအတိုင်း သွားနေသဖြင့် ဒီဟာကိုကြည့်မယ်ဆိုလို့ရှိရင် အောတရောတောင်ရဲ့ အရှေ့ဘက် ခြမ်းမှာရှိတဲ့ ရွာတွေအတွက် လုံးဝအဆင်ပြေမှာ မဟုတ်ပါဘူး ခင်ဗျား။


ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖော်ပြထားသော ပွိုင့်(၈၉၆၁)သည် အောတရောတောင်တန်းရဲ့ အရှေ့ခြမ်းတွင် တည်ရှိပါတယ်။ ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့မှာ မြောက်ပိုင်း ဟားခါးအထိ သွယ်တန်းသော တောင်တန်းကြီးဖြစ်သလို ချင်းပြည်နယ် အရှေ့နှင့် အနောက်ကို ပိုင်းခြားထားသော တောင်တန်းကြီးလည်း ဖြစ်ပါတယ်။ ဒီပွိုင့်(၈၉၆၁) တိန်ဆီးကျေးရွာအနီးရှိ အောတရောတောင်တန်း သည် ချင်းပြည်နယ်တောင်ပိုင်းတွင် ဒုတိယအမြင့်ဆုံးတောင်လည်း ဖြစ်ပါတယ်။ အခု တယ်လီနော ကုမ္ပဏီက သွယ်တန်းထားသော ကေဘယ်လ်ကြိုးသည် ဟားခါး-မတူပီ ကားလမ်းအတိုင်း သွယ်တန်း ထားသည့်အတွက် မြေနိမ့်ပိုင်း လျှိုမြောင်အတိုင်းသာ တောက်လျှောက်သွားနေသောကြောင့် မတူပီ မြို့နယ် ဖုန်းလိုင်းလွှမ်းခြုံမှုအနေဖြင့်တော့ (၄၀)ရာခိုင်နှုန်းခန့်သာ ရရှိမယ် ဖြစ်ပါတယ်။ အခု ဖော်ပြ ထားသော ပွိုင့်(၈၉၆၁) မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းနေရာသည် ယခင် ၂၀၁၀ ခုနှစ်ကတည်းက မတူပီမြို့နယ်၏ ဖုန်းလိုင်းရာခိုင်နှုန်း အများဆုံးလွှမ်းခြုံနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဗဟိုမှ မတူပီမြို့နယ်အတွက် အကောင်းဆုံးနေရာဟု တိုက်ရိုက်ရွေးချယ်ပေးထားသော နေရာဖြစ်ပါ တယ်။ ဒီပွိုင့်(၈၉၆၁) မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသည် မကွေးတိုင်းဒေသကြီး ပျားနတ်တောင်မှ လေလှိုင်း ကနေဆိုလို့ရှိရင် ခန့်မှန်းခြေ(၃၅)မိုင်ခန့် ဒီမင်းတပ်မြို့နယ်၊ လေရှိပွိုင့် (၈၅၀၉) ကနေ ဆိုလို့ရှိရင် လေလှိုင်းကနေ (၁၅)မိုင်ခန့် ကွာဝေးပါတယ်။ လေလှိုင်းကနေ လှမ်းဖမ်းမယ် ဆိုပါကလည်း အလွယ်တကူ အဆင်ပြေနိုင်မယ်ဖြစ်ပါတယ်။ ပွိုင့်(၈၉၆၁) နေရာကို ကေဘယ်လ်ကြိုးဖြင့် သွယ်တန်း မယ်ဆိုပါက မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းလမ်းမှ အရှေ့ဘက်သို့ (၅)မိုင်ခန့် သွယ်တန်းမယ်ဆိုပါက အဆင်ပြေမယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယချေးငွေ အကောင်အထည်ဖော်ရန် စီမံကိန်းချထားသော မတူပီ ပွိုင့်၊ ဘနိုင်တောင်ပွိုင့်၊ ရေဇွာပွိုင့်တို့ကိုလည်း ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ စီမံကိန်းတွေ စတင်ပြီးမှ ချထားပြီးတော့မှ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ အောက်ခြေ အုတ်မြစ်ချခြင်းကိုသာ ပြီးစီး ခဲ့ပါသေးတယ်။ သို့သော်လည်း ဒီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ဘတ်ဂျက် ထပ်မကျလာတာကို တွေ့ရပါတယ်။ ၎င်းနေရာ(၃)ခုကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် တင်ပြချင်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ၂၀၁၃-၂၀၁၄/၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တာဝါတိုင်တည်ဆောက်ပေးရန် စီမံကိန်းချထားသော်လည်း အကြောင်းအမျိုးမျိုး ကြောင့် တည်ဆောက်နိုင်ခြင်းမရှိသော ပွိုင့်(၈၉၆၁)နေရာကို တာဝါတိုင် ပြန်လည်တည်ဆောက် ပေးရန်နှင့် မတူပီပွိုင့်၊ ဘနိုင်တောင်ပွိုင့်၊ ရေဇွာပွိုင့်၊ ဒီပွိုင့်(၃)ခုကိုလည်း အမြန်ဆုံး အကောင်အထည်

ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

တာဝါတိုင်များ ပြသထားသော မြေပုံ (က၈)




**ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၌ မီးရထားခုံးကျော်တံတား ပြုလုပ်ပေးရန်နှင့် မြို့ရှောင်လမ်းအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၌ မီးရထားခုံးကျော်တံတား ပြုလုပ်ပေးရန်နှင့် မြို့ရှောင်လမ်းအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာပါရှင်လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ဖြစ်ပါတယ်ရှင်။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှ ပြည်သူတွေရဲ့ကိုယ်စား မေးမြန်းထားတဲ့ အကြောင်းရင်းကို ဦးစွာပထမ တင်ပြပါမယ်ရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ညောင်လေးပင်မြို့ဟာ ပဲခူးတိုင်းဒေသကြီးရဲ့အတွင်းမှာ တည်ရှိပြီးတော့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးရဲ့ အလယ်ဗဟိုမှာ တည်ရှိပါတယ်။ တောင်ဘက်မှဆိုရင် ရန်ကုန်မြို့နဲ့ မိုင်(၁၀၀)ခန့် ကွာဝေးပြီးတော့ မြောက်ဘက်မှာဆိုရင် မန္တလေးမြို့နဲ့ မိုင်(၃၀၀)ကျော်ခန့် ကွာဝေးပါတယ်။ ပတ်ဝန်းကျင်မြို့များဖြစ်တဲ့ မဒေါက်မြို့၊ ပိန်းဇလုတ်မြို့၊ ပြွန်တန်ဆာမြို့ ဆိုပြီးတော့ ညောင်လေးပင်မြို့နဲ့ပေါင်းပြီးတော့ မြို့နယ်(၁)ခုဖြစ်ပါတယ်။

ကျွန်မတို့ ညောင်လေးပင်မြို့နယ်ရဲ့ လူဦးရေဟာ (၁၉၉၄၈၃) ရှိပြီးတော့ ဧရိယာအကျယ်အဝန်းကလည်းပဲ (၇၃၂.၆)စတုရန်းကီလိုမီတာ အကျယ်အဝန်း ရှိပါတယ်။ ကျွန်မတို့ ညောင်လေးပင်မြို့နယ်မှာဆိုရင် စီးပွားရေးအရကတော့ တောင်သူတွေရဲ့ လယ်ယာလုပ်ငန်းနဲ့ အင်မတန်ဖွံ့ဖြိုးတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်းပဲ ကျွန်မတို့ရဲ့မြို့မှာ ဘဏ်တွေ ကနေပြီးတော့ မျက်စိကျပြီးတော့ ရှိသမျှ ဘဏ်တွေအကုန်လုံးက ညောင်လေးပင်မြို့ထဲမှာ လာပြီးတော့ ဖွင့်လှစ်ထားတာလည်းပဲ ရှိပါတယ်။ ညောင်လေးပင်မြို့မှာဆိုရင် ပြည်သူ့ဆေးရုံကြီးတွေ၊ ပြည်သူ့ရဲစခန်းတွေ၊ မြို့မဈေးကြီးတွေ၊ ဌာနဆိုင်ရာတွေ၊ အစိုးရအထက်တန်းကျောင်းတွေ စသည်ဖြင့်လည်းပဲ ရှိပါတယ်။ ရပ်ကွက်ကြီးဟာဆိုလို့ရှိရင် (၅)ရပ်ကွက်ရှိပြီးတော့ ကျေးရွာအုပ်စုအားဖြင့်လည်းပဲ (၆၁)အုပ်စု ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ ညောင်လေးပင်မြို့နယ်ဟာ ယခင်ပြီးခဲ့တဲ့ ယခင့်ယခင် နှစ်တွေတုန်းက လူဦးရေသိပ်သည်းမှုက သိပ်မများသော်လည်းပဲ အခုခေတ်ကာလမှာနဲ့ဆိုရင် လူဦးရေရဲ့ သိပ်သည်းမှုကလည်းများပြားလာတယ်၊ ရပ်ကွက်တွေကလည်းပဲ တိုးချဲ့ကွက်သစ်တွေကလည်း များလာတဲ့အတွက်ကြောင့် မြို့အနေနှင့် ကားကြီး၊ ကားငယ်တွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေကလည်းပဲ အလွန်ရှုပ်တဲ့မြို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထူးတင်ပြချင်တာကတော့ ကျွန်မတို့ရဲ့ ရန်ကုန်-မန္တလေး ရထားလမ်းကြီးဟာ အင်္ဂလိပ်လက်ထက်တွေကတည်းက လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀၀)ကျော်ကတည်းက မြို့လယ်ခေါင်ကနေပြီးတော့ တောင်နဲ့မြောက်ကို ဖောက်လုပ်ထားတဲ့ လမ်းကြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မီးရထားတွေ ခုတ်မောင်းတဲ့အခါမှာလည်း နာရီ၊ မိနစ်မခြား ဖြတ်မောင်းရတယ်၊ မီးရထားလာတဲ့အခါမှာလည်း မီးရထားခုံးတံခါးကို အနည်းဆုံးကြိုတင်ပြီးတော့ နာရီဝက်၊ (၄၅)မိနစ်၊ (၁)နာရီ စသည်ဖြင့် ပိတ်ထားပါတယ်။ အဲဒီလို ပိတ်ထားတဲ့အတွက်ကြောင့် တောင်ဘက်၊ မြောက်ဘက် ခုံးတံခါးရဲ့တစ်ဖက်စီမှာ ခရီးသည်တင်ယာဉ်တွေ၊ ကားကြီး၊ ကားငယ်တွေ၊ ဆိုင်ကယ်တွေ၊ ဆိုက်ကားတွေ၊ စက်ဘီးတွေဟာ အများကြီး ပြည့်သိပ်၊ ကြပ်သိပ်ပြီးတဲ့အခါကျတော့ လမ်းလျှောက်ပြီး သွားလာရတဲ့ လူတွေအဖို့မှာလည်းပဲ အင်မတန်မှ ပြဿနာမျိုးစုံနဲ့ သွားလို့မရအောင်ကို ခဲခဲယဥ်းယဥ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုက တင်ပြချင်တာကတော့ ဒီလို မီးရထားဖြတ်မောင်းသွားပြီးလို့ ခုံးတံခါး ဖွင့်လိုက်တယ်ဆိုတဲ့အခါမှာလည်းပဲ ယာဉ်ကြီးတွေကလည်း ယာဉ်ငယ်ကို ဦးစားမပေးဘူး။ အတင်း တိုးဝှေ့ပြီးတော့၊ လမ်းကြောင်းတွေကိုယူပြီးတော့ မောင်းနှင်တဲ့အတွက်ကြောင့် ယာဉ်ချင်းတိုက်မှုတွေ၊ ဆိုင်ကယ်နဲ့တိုက်တာတွေ၊ စက်ဘီးနဲ့တိုက်တာတွေ၊ လူကိုတိုက်မိတာတွေ ဖြစ်ပြီးတော့ ခိုက်ရန် ဖြစ်ပွားခြင်းတွေကလည်းပဲ မကြာခဏ ဖြစ်ပေါ်လေ့ရှိပါတယ်။ နောက် ကျောင်းသူ၊ ကျောင်းသားတွေ သွားတဲ့အခါမှာလည်းပဲ ခုံးတံခါးကို ဆောလျင်စွာ ပိတ်လိုက်တဲ့အတွက်ကြောင့် သွားလာမှုကလည်းပဲ ခဲယဉ်းတာကို တွေ့ရပါတယ်။ အခုကကတော့၊ အဆိုးဝါးဆုံးဖြစ်တာကတော့ ခုံးတံခါးပိတ်ထား လိုက်တဲ့အခါမှာ အရေးပေါ်လူနာတင်ယာဉ်တွေ၊ နောက်တစ်ခါကျတော့ ကျွန်မတို့ မြို့နယ်ရဲ့ဓလေ့အရ အထမ်းတွေနဲ့ ခေါ်လာတဲ့လူနာတွေ၊ မီးဖွားလုဆဲဆဲ အမျိုးသမီးတွေဆိုလို့ရှိရင် ဒီခုံးတံခါး ပိတ်ထား တဲ့အတွက်ကြောင့်၊ ဆေးရုံကို အမြန်ဆုံး အလျင်အမြန် မပို့နိုင်တဲ့အတွက်ကြောင့် သေဆုံးခဲ့ရတဲ့ သာဓကတွေဟာ ကျွန်မတို့မြို့မှာ ရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြို့မှာ ဒီဒေသခံပြည်သူတွေကနေပြီးတော့ ခေတ် အဆက်ဆက် အစိုးရလက်ထက်မှာ ခုံးကျော်တံတား(၁)ခု တည်ဆောက်ပေးရင်တော့ ကောင်းမှာပဲ ဆိုတဲ့ ပြည်သူတွေဟာ အိပ်မက်တွေ မက်ခဲ့ကြပါတယ်။ မီးရထား ခုံးကျော်တံတား(၁)ခု တည်ဆောက် မယ်ဆိုလို့ရှိရင်လည်းပဲ သန်းပေါင်းများစွာ ကုန်ကျမယ်ဆိုတာကိုလည်းပဲ ကြိုတင်မှန်းဆသိရှိထားပါ တယ်။ သို့သော်လည်းပဲ ဒေသခံပြည်သူတွေရဲ့ လိုချင်နေတဲ့ ဆန္ဒတွေ၊ အိပ်မက်တွေကို အကောင် အထည်ဖော် ဆောင်ရွက်ပေးဖို့လည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းကို မေးခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်မတို့ ခုံးကျော်တံတား(၁)ခု တည်ဆောက်လို့မဖြစ်ရင်တောင်မှပဲ ကျွန်မတို့မြို့နယ်မှာ မြို့ရှောင်လမ်း(၁)ခုကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ် ဆိုလို့ရှိရင် ဒေသခံပြည်သူတွေရဲ့ အခက်အခဲကို ကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့ မေးခွန်းလေးကတော့ ကျွန်မတို့ မဲဆန္ဒနယ်အမှတ်(၇)၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့မှာ မီးရထားခုံးကျော်တံတား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မြို့ရှောင်လမ်းကိုလည်းပဲ စီမံချက်ရှိပါက အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတဲ့ မေးခွန်းကို ပြည်သူတွေရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ရန်ကုန်မြစ်ကမ်းတစ်လျှောက် ကမ်းပြိုမှုများ ပိုမိုဖြစ်ပွားလာသဖြင့် ကမ်းပြိုမှုများ ဆက်လက်မဖြစ် ပွားအောင် ကာကွယ်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းတို့ကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ရန်ကုန်မြစ်ကမ်းတစ်လျှောက် ကမ်းပြိုမှုများ ပိုမိုဖြစ်ပွားလာသဖြင့် ကမ်းပြိုမှုများ ဆက်လက်

မဖြစ်ပွားအောင် ကာကွယ်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းတို့ကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလမြို့နယ်များကို ဖြတ်သန်းစီးဆင်းရာ ရန်ကုန်မြစ်ကမ်းတစ်လျှောက် ကမ်းပြိုမှုများ ပိုမို ဖြစ်ပွားလာပြီးတော့ လယ်ယာမြေများ ဆုံးရှုံးခြင်း၊ အိမ်ရာများ ရွှေ့ပြောင်းနေရခြင်းတို့အတွက် ပူပင် နေရတဲ့ ဒေသခံပြည်သူလူထုကိုယ်စား ကျွန်တော်က မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ဝကျွန်းပေါ်တစ်ခုရဲ့ဖြစ်စဉ်ဆိုလည်း မှန်ပါတယ်။ မြေနုကျွန်းတွေ ဖြစ်ပေါ်လာကြ၊ မြစ်ချောင်းတွေ ပြောင်းရွှေ့လာကြ သဘာဝတရားဟာ သူ့လမ်းကြောင်းအတိုင်း သူသွားနေတယ် ဆိုတာကိုလည်း နားလည်ပါတယ်။ မြစ်ကွေ့ကောက်မှုနဲ့ ရေစီးဦးတည်ရာဘက်ကို မူတည်ပြီးတော့ တစ်ဖက်မှာကမ်းတွေပြို၊ တစ်ဖက်မှာအနည်တွေပို့ချ၊ မြေသစ်တွေဖြစ်တဲ့ သဘာဝကို လည်း ကျွန်တော်တို့ နားလည်လက်ခံနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပေးပါ။ ကျွန်တော်တို့ ဒီနေ့ ခေတ်လူသား တွေက သဘာဝကပေးတဲ့အတိုင်း နေကြရမယ် ဆိုရင်တော့ မှားတယ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော် တို့ဟာ နေရောင်ရတဲ့နေ့မှာ အလုပ်လုပ်ကြရသလို၊ နေရောင်မရှိတဲ့ ညအခါကိုလည်း လျှပ်စစ်မီးတွေနဲ့ နေ နေကြရပါပြီ။ အလားတူပဲ ဆောင်းတွင်းမှာ နွေးအောင်၊ နွေမှာအေးအောင် စွမ်းအင်တွေ ဖန်တီးနေ လာကြပါပြီ။ မြန်မာပြည်ရဲ့ စီးပွားရေးမြို့တော်ကြီး ရန်ကုန်မြို့ကြီးရဲ့ တစ်စိတ်၊ တစ်ပိုင်းဖြစ်တဲ့၊ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း နယ်တွေမှာ အခုပြထားတဲ့အတိုင်း ရန်ကုန်မြစ် ကြီးရဲ့တိုက်စားမှုကို နှစ်စဉ်လိုလို ခံစားနေရပါတယ်။ ဒီရေတိုက်စားမှုလမ်းကြောင်းဟာလည်း နိုင်ငံ အတွက် ပင်လယ်ကူးသန်း ကုန်သွယ်မှုထွက်ပေါက်ဖြစ်တဲ့ ရန်ကုန်မြစ်ကြီးရဲ့နံဘေးမှာပါ။ ဒီမြစ်ကြောင်း က နှစ်စဉ် ဒေါ်လာသန်းပေါင်းများစွာကို နိုင်ငံအတွက် ရှာပေးနေကြပါတယ်။ ဒါပေမဲ့ ဒီမြစ်ကြီးရဲ့ သဘာဝဖြစ်စဉ်၊ အဆိုပါ ဝင်ငွေတွေ ရှာဖွေရင်းနဲ့ ကူးသန်းသွားလာနေတဲ့ ရေယာဉ်ကြီးတွေကြောင့် ဖြစ်တဲ့ လှိုင်းကြမ်းတွေအောက်မှာ ကမ်းနံဘေးမှာ ရိုးသားစွာ စိုက်ပျိုးစားသောက်နေကြတဲ့ ပြည်သူ တွေရဲ့ လယ်ယာမြေကတော့ နှစ်စဉ် ပြိုကျပျက်သုဉ်း ခံနေရတာကို ဝမ်းနည်းစရာ တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေရဲ့ လယ်ယာမြေတင်မကပါဘူး။ လူဦးရေ တိုးပွားမှုနဲ့အတူ နေထိုင်မှုနေရာတွေလည်း တစ်စတစ်စ ပျောက်ဆုံးကုန်ပါတယ်။ ဒီပုံတွေထဲမှာ ကျွန်တော်တို့ မနှစ်ကရရှိတဲ့ ကွမ်းခြံကုန်းနယ်က တော်ဂနူး ကျေးရွာလေးရဲ့ အိမ်ခြေ(၁၀၀)ဟာဆိုရင် ဒီနေ့အတွင်းပိုင်းက လယ်မြေထဲကို ပြောင်းရွှေ့ နေ နေကြရပါပြီ။ ဆိုလိုတာကတော့ နေအိမ်တွေ ပြောင်းရွှေ့ရမှုအတွက် နစ်နာတာက တစ်ပိုင်း၊ စိုက်ပျိုးမြေ ပျက်စီးဆုံးရှုံးရတဲ့အတွက် နစ်နာတာက


တစ်ပိုင်း ဖြစ်နေကြပါတယ်။ ဒီကမ်းပြိုမှုကို ကုစားနိုင်ဖို့နည်းလမ်းတွေဟာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်က ရေအရင်းအမြစ်နှင့် မြစ်ချောင်းထိန်းသိမ်းရေးဦးစီးဌာနနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှာ အဖြေရှိမယ်လို့လည်း ယုံကြည်ပါတယ်။ ဟိုအရင် ဗြိတိသျှအစိုးရ အုပ်စိုးစဉ်ကာလကတည်းကပဲ အခုလိုမြစ်ချောင်းတွေ ကမ်းပါးပြိုမှု ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တဲ့ နည်းလမ်းတွေ၊ မှတ်တမ်းတွေကလည်း ဧရာဝတီမြစ်ဖျား မြစ်ကြီးနားကနေ အခုလိုမြစ်ကျယ်ရပ်အထိ ရှိခဲ့ပြီးဖြစ်တယ်လို့သိထားရပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံရဲ့ဘဏ္ဍာရန်ပုံငွေကို ခြိုးခြံချွေတာနေရတဲ့ အခုအချိန်မှာနိုင်ငံတစ်ဝန်း ကမ်းပြိုမှုတွေကို ထိန်းသိမ်းဖို့ အခက်အခဲရှိမှန်းလည်း နားလည်ပါတယ်။ ဒါပေမဲ့ အခုကိစ္စကတော့ တစ်ဖက်မှာ နိုင်ငံအတွက် ဝင်ငွေတွေ များစွာရှာဖွေပေးနေတဲ့ မြစ်ကြီးဟာ တရားခံတစ်ပိုင်းဖြစ်သလို၊ တစ်ဖက်က ခံစားထိခိုက်နေရတဲ့ နေရာတွေလည်း အနာဂတ်မှာ ရန်ကုန်မြို့ပြစီမံကိန်းရဲ့ အရေးကြီးတဲ့ နေရာတွေဖြစ်လို့ နေပြန်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဖြစ်နေမှန်းသိလျက်နဲ့ ကြည့်နေလိုက်ရတာ အခြေအနေတစ်မျိုးရှိတတ်ပေမယ့် ဒီဖြစ်ရပ်က သေရေးလား၊ ရှင်ရေးလား၊ ပုံမှန်ကိစ္စလားဆိုတာကို Clarity ခွဲနိုင်ပါတယ်။ ကျွန်တော့်မေးခွန်းက နေရာဒေသ တချို့၊ ပြည်သူတချို့ရဲ့ကိစ္စ မဟုတ်တော့ပါဘူး။ အခွင့်ထူးခံလိုလို့ တောင်းဆိုနေတာလည်း မဟုတ်ပါဘူး။ တိုင်းပြည်ရဲ့အသဲနှလုံးလို့ဆိုရတဲ့ နေရာတစ်ခုမှာ တိုင်းပြည်ရဲ့ စီးပွားရှာမှုကြောင့် ထိခိုက်ခံနေရတာဖြစ်ပါတယ်။ မိုင်(၂၀)ကျော်သာရှိတဲ့ ဒီမြစ်ကြီးကို အသုံးပြုပြီးတော့ နှစ်စဉ်ရလာတဲ့ ဒေါ်လာ ဘီလီယံများစွာထဲကနေ ဒီအကြောင်းကြောင်းကြောင့် ထိခိုက်ခံရတဲ့ ကမ်းခြေပြည်သူတွေ၊ လယ်ယာမြေတွေနဲ့ အနာဂတ်မြို့ပြစီမံကိန်းအတွက် ရာခိုင်နှုန်း အနည်းငယ်လောက်သာသုံးပြီးတော့ ကယ်တင်ကူညီမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက်၊ ပြည်ထောင်စုအစိုးရအတွက်၊ လွှတ်တော်အတွက် သိက္ခာရှိတဲ့လုပ်ဆောင်ချက်တစ်ရပ်အဖြစ် မှတ်တမ်းတင်ကျန်ခဲ့မယ်လို့ ယုံကြည်တဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရန်ကုန်မြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့ မြင်ကွင်းပုံ (ကဃ)



ပုံမှန်သဘာဝအရပင် ဖြစ်နေသော တိုက်စားမှုနှင့် ပို့ချမှု မြင်ကွင်းပုံ (ကဃ-၁)




ကွမ်းခြံကုန်း-တော်ခလူး ကမ်းခြေ မြင်ကွင်းပုံ (ကဃ-၂)



**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။
အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန်ရဲ့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်ရှိ ၂၀၁၃-၂၀၁၄/၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွေမှာ စီမံကိန်းချမှတ်ပေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ခြင်း မပြုနိုင်သော ပွိုင့် (၈၉၆၁) နေရာမှာ GSM တာဝါတိုင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ယခင် ပထမအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျံလွင် က ချင်းပြည်နယ်၊ မတူပီမြို့နယ်နဲ့ ရေဇွာမြို့နယ်ခွဲရှိ လိုင်လိန်းပီကျေးရွာနဲ့ အခြားကျေးရွာများ တယ်လီဖုန်းဆက်သွယ်ရေးစနစ်ဖြင့် လွယ်ကူစွာ အဆက်အသွယ်ရရှိနိုင်ရေးအတွက် မတူပီမြို့နယ်နဲ့ ရေဇွာမြို့နယ်ခွဲတွင် Micro Auto Station Tower တည်ဆောက်ရန် လိုအပ်လျက်ရှိပြီး ၄င်း Micro Auto Station Tower မတည်ဆောက်မီ လိုအပ်နေသေးသည့် Micro Wave ဆက်ကြောင်း (3 Hops) ကြားစခန်းအား သင့်တော်သောနေရာ၌ တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့ရာ ယခင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ ချင်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်း တိုက်ရိုက်ဆက်သွယ်ပေးမယ့် ရိဒ် - သီရိဥတ္တမ (ကနေဒီ) - ဟားခါး - မတူပီ - မင်းတပ် (13 Hops) Micro Wave ဆက်ကြောင်းသစ်အား အိန္ဒိယချေးငွေဖြင့် တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယင်းဆက်ကြောင်း မတည်ဆောက်နိုင်မီ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွက် ပွိုင့် ၈၉၆၁ တွင် ကြားစခန်းပါဝင်သော ပျားနတ်တောင် - ပွိုင့် - (၈၉၆၁) - ပွိုင့် (၅၀၀၀) (မတူပီ) Micro Wave ဆက်ကြောင်းကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

အဲဒီဆက်ကြောင်းအတွက် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ခွင့်ပြုချက်ရရှိတဲ့အတွက် လုပ်ငန်းစတင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စတဲ့ သဘာဝဘေးအန္တရာယ်များကြောင့် သတ်မှတ်ထားတဲ့ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် လုပ်ငန်းဆောင်ရွက်သော ဒေသခံ ကန်ထရိုက်တာမှ ၂၆-၁-၂၀၁၆ နေ့မှာ ချင်းပြည်နယ်အစိုးရသို့ တင်ပြခဲ့ပြီး ချင်းပြည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး ရန်ပုံငွေ ကျပ်(၅၈.၈)သန်းကို ပြန်လည်အပ်နှံခဲ့ရပါတယ်။

အခုအခါ မတူပီမြို့နယ်သာမက ချင်းပြည်နယ်အတွင်း ဆက်သွယ်မှုကောင်းမွန်စေရေး အတွက် အဝေးဆက်သွယ်မှု ရိဒ် - ကနေဒီ - ဟားခါး - မတူပီ - မင်းတပ် Micro Wave ဆက်ကြောင်း သစ်ကို အိန္ဒိယချေးငွေဖြင့် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးခြင်း၊ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် လုပ်ငန်းအပ်နှံမှုစာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် လိုအပ်သောတာဝါနှင့် စက်ပစ္စည်းများ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ကုန်ခန့်မှာ မြန်မာနိုင်ငံသို့ ရောက်ရှိမှာဖြစ်ပါတယ်။ အဲဒီ ဆက်ကြောင်းသစ်မှာ Micro Wave စခန်း (၁၄)ခုပါဝင်ပြီး၊ စခန်းအသစ် (၉)ခုအတွက် စက်မှုအဆောက်အအုံ၊ ရေအိမ်၊ ရေကန်နဲ့ ခြံစည်းရိုး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ တာဝါ ဖောင်ဒေးရှင်း၊ Shelter ဖောင်ဒေးရှင်းနဲ့ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ Micro Wave ဆက်ကြောင်းအသစ် တည်ဆောက်ပြီးပါက မတူပီမြို့ လောင်ဗန်းရပ်ကွက်တွင် တည်ဆောက်ပေးရန် လျာထားတဲ့ GSM မိုဘိုင်းစခန်းကိုလည်း ၂၀၁၈ ခုနှစ်၊ မတ်လကုန်ခန့်မှာ ပြီးစီးအောင် ဆောင်ရွက် သွားနိုင်မှာဖြစ်ပြီး ချင်းပြည်နယ်မှာ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများနဲ့ တာဝါတိုင်များကို တိုးချဲ့ တည်ဆောက် တပ်ဆင်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ မတူပီမြို့နယ်မှာ လက်ရှိဖွင့်လှစ်ပြီးစခန်းက MPT က စခန်း(၄)ခုရှိပြီး၊ Telenor က ဖွင့်လှစ်ပြီးစခန်း (၂)ခုရှိပါတယ်။ ထပ်မံပြီးတော့ MPT ကနေပြီးတော့ စခန်း(၇)ခု ဆက်လက်ဖွင့်လှစ်ဖို့ လျာထားပါတယ်။ ဒီကျွန်တော်တို့ အိမ်ပုံစံလေးတွေကတော့ ရွာနေရာလေးတွေကို ပြတာပါ။ အဝါရောင်နဲ့ခြယ်ထားတဲ့နေရာတွေကတော့ ကျွန်တော်တို့ ခုနက ပွိုင့် - (၈၉၆၁) ကနေပြီးတော့ လွှမ်းခြုံနိုင်မယ့်ဧရိယာလေးတွေကို ကျွန်တော်တို့ ပြထားတာပါ။ မူလလျာထားခဲ့တဲ့ ပျားနတ်တောင် - ပွိုင့် (၈၉၆၁) - ပွိုင့် (၅၀၀၀) (မတူပီ) ဆက် ကြောင်းပါ စခန်းများအနက် ပျားနတ်တောင်မှ လက်ရှိမန္တလေး - ပျားနတ်တောင် (ကလေး) Micro Wave ဆက်ကြောင်းရဲ့စခန်းတစ်ခုဖြစ်ပြီး ပွိုင့် (၅၀၀၀) (မတူပီ)စခန်းမှာ အိန္ဒိယချေးငွေနဲ့ ဆောင်ရွက် နေတဲ့ ရိဒ် - မတူပီ - မင်းတပ် Micro Wave ဆက်ကြောင်းသစ်မှာ ပါဝင်ပြီးဖြစ်တဲ့အတွက် အဆိုပါ ဆက်ကြောင်းကို တည်ဆောက်ရန်မလိုတော့ပါ။ ကျွန်တော်တို့ ဒီဟာ အဝါဝိုင်းလေးတွေနဲ့ ပြထားတာ က အိန္ဒိယချေးငွေနဲ့ ဆောင်ရွက်မယ့် ရိဒ် - မတူပီ - မင်းတပ် Micro Wave ဆက်ကြောင်း ဖြစ်ပါ တယ်။ ကျွန်တော်တို့ နဂိုကလျာထားတဲ့ ဆက်ကြောင်းကတော့ အနီလိုင်းလေးနဲ့ပြထားတဲ့ ကျွန်တော်တို့ မတူပီကနေပြီးတော့ ပွိုင့် (၈၉၆၁) ပျားနတ်တောင် ပွိုင့် ဖြစ်ပါတယ်။ ဒါပေမဲ့ အခုက ပျားနတ်တောင် ဟာဆိုရင် မန္တလေး - ပျားနတ်တောင် - ကလေး Micro Wave ဆက်ကြောင်းမှာ ပါဝင်ပြီးဖြစ်တဲ့ အတွက် ကျွန်တော်တို့ ဒီဘက်ကလည်း အိန္ဒိယချေးငွေနဲ့ ဆောင်ရွက်မယ့် Micro Wave ဆက်ကြောင်း ရှိတဲ့အတွက် ခုန အနီနဲ့ပြပြီး ယခင်စီစဉ်ခဲ့တဲ့ Micro Wave ဆက်ကြောင်းက မလိုအပ်တော့တဲ့ အကြောင်း ကျွန်တော်တို့ ပြထားတာဖြစ်ပါတယ်။

အဲဒီအပြင် ပွိုင့် (၈၉၆၁) မှာ GSM စခန်း တည်ဆောက်ပါကလည်း Radio Planning tools Stand ကျွန်တော်တို့ Simulation တွက်ချက်မှုအရ ရေဒီယိုစခန်းမှ ကီလိုမီတာ (၃၀)အတွင်းရှိ

ရွာများ (၂၅)ရွာရှိသည့်အနက် ရွာ(၃)ရွာ၌သာ ကောင်းမွန်စွာနဲ့ ရွာ(၂)ရွာမှာ အားနည်းစွာဖြင့် စုစုပေါင်း ရွာ(၅)ရွာ၊ လူဦးရေ (၁၂၀၀)ခန့်သာ ဆက်သွယ်မှုရရှိနိုင်မည်ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ အကြောင်း ကတော့ မြေမျက်နှာပြင် အသွင်အပြင်၊ အတားအဆီးများကြောင့် ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒီမတူပီမြို့နယ်၊ ပွိုင့် (၈၉၆၁) ကနေ ကီလို (၃၀) အတွင်းရှိတဲ့ ကျေးရွာပေါင်း (၂၅)ရွာ ဖြစ်ပါတယ်။ အဲဒီမှာ (၁)၊(၂)၊(၃) ကတော့ ကျွန်တော်တို့က ဒီ Line Of Sight ခေါ်တဲ့ ဒီ Signal သွားမယ့်လမ်းကြောင်းနဲ့ တည့်တည့်ရှိတဲ့အတွက် သူက ကောင်းစွာဆက်သွယ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ (၄)နဲ့(၅)ကတော့ ကျွန်တော်တို့က ရတော့ရပေမယ့် Signal အားနည်းပြီး ကောင်းစွာ အသုံးပြုနိုင်မှာ မဟုတ်ပါဘူး။ ကျန်တဲ့ရွာတွေကတော့ ကျွန်တော်တို့က Line Of Sight မှာကို မရှိတဲ့အတွက် ကျွန်တော်တို့ ဆက်သွယ်မှုရရှိနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ Simulation လုပ်ကြည့်တဲ့အခါမှာ ပွိုင့် -၈၉၆၁ ကနေပြီးတော့ ကျွန်တော်တို့ကြည့်လိုက်တဲ့အခါ ပထမ ခုန ကောင်းစွာ ရရှိမယ့် ရွာထဲကအနက် တိန်ဆီးကျေးရွာမှာဆိုရင် ကျွန်တော်တို့က ကြားထဲမှာ အတားအဆီးမရှိဘဲနဲ့ Signal ကောင်းစွာရရှိနိုင်မှာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကတော့ အဆက်အသွယ် မရနိုင်မယ့် ရွာတစ်ရွာ ဇာကမ်းကျေးရွာကို ကျွန်တော်တို့ စမ်းကြည့်တဲ့အခါမှာတော့ ကြားထဲမှာ အတားအဆီးရှိတဲ့အတွက် သူကတော့ ဆက်သွယ်မှုရနိုင်တဲ့ အနေအထား မရှိတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်၊ ပွိုင့် (၈၉၆၁) မှာ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းနဲ့ တာဝါတိုင် တည်ဆောက်ပေးဖို့အတွက် မူဘောင်ညီညွတ်ပါက ဆက်သွယ်ရေး Operator များမှ ထည့်ဝင် ရန်ပုံငွေ Universal Service Fund ရရှိနိုင်မယ့် အခြေအနေပေါ်မူတည်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ၏ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၌ မီးရထားခုံးကျော်တံတား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မြို့ရှောင်လမ်းအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ် ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက် ဖြေကြားမှာဖြစ်ပါတယ်။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၌ မီးရထားခုံးကျော်တံတား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းခြင်းနှင့် စပ်လျဉ်း၍ Power Point အသုံးပြု၍ တင်ပြဖြေကြားခွင့်ပြုပါခင်ဗျား။ ညောင်လေးပင်မြို့တွင်းပိုင်းက ရန်ကုန်-တောင်ငူ- မန္တလေးလမ်း မိုင် (၉၇/၁) မှ (၁၀၀/၁) အတွင်းရှိပြီး ညောင်လေးပင်မြို့ရဲ့ မိုင် (၉၈/၄)၊ (၉၈/၅) ကြားမှာ မီးရထားလမ်း တည်ရှိပြီးတော့ မိုင် (၉၈/၀)၊ (၉၈/၁) ကြားမှာတော့ ညောင်လေးပင် မီးရထား

ဘူတာရုံရဲ့ အဆင်းလမ်းဖြစ်သဖြင့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပေါ်မှာ မီးပွိုင့်(၁)ခု ရှိပါတယ်။ ရန်ကုန်-တောင်ငူ-မန္တလေး မိုင် (၉၈/၂)၊ (၉၈/၃) ရဲ့ လက်ယာဘက် (ညာဘက်)မှာတော့ ညောင်လေးပင်-ပုစွန်မြောင်း - မဒေါက် - ရွှေကျင်လမ်း ခွဲထွက်နေသဖြင့် အဲဒီနေရာမှာလည်း လမ်းကွေ့အဖြစ် တည်ရှိနေပါတယ်။ အဲဒီအပြင် မိုင် (၉၈/၃)၊ (၉၈/၄) ကြား လမ်းရဲ့ ဘယ်ဘက်ခြမ်းမှာ ညောင်လေးပင်ဈေးကြီး တည်ရှိပြီး၊ မိုင် (၉၈/၄ နဲ့ ၅) ကြားမှာတော့ မီးရထားလမ်းတည်ရှိပါတယ်။ မီးရထားလမ်းအလွန် မိုင် (၉၉/၀) မှာ ကျောင်းသစ်ကွေ့ အမည်ရှိတဲ့ လမ်းကွေ့ကြီး(၁)ခုလည်း ရှိပါတယ်။ အကယ်၍ မီးရထားခုံးကျော်တံတား တည်ဆောက်မည်ဆိုပါကလည်း လမ်းကွေ့နဲ့ နီးကပ်စွာရှိနေခြင်း၊ စည်ပင်သာယာဈေးနဲ့ နီးကပ်စွာရှိနေခြင်းတို့ကြောင့် ယာဉ်ကြောကြပ်တည်းမှု အတိုင်းအတာတစ်ခု အထိသာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အဆိုပါ မီးရထားလမ်းဟာ တစ်ရက်လျှင် အစုန်ရထား (၂၂) ကြိမ်ခန့် ဖြတ်သန်းလျက်ရှိတဲ့အတွက် မြို့ကွက်အား စနစ်တကျ ဖြစ်ပေါ်စေရန် Town Planning ရေးဆွဲထားတဲ့အတိုင်း မြို့ပတ်လမ်းဖောက်လုပ်၍ ဆောင်ရွက်မယ်ဆိုရင်တော့ ယာဉ်ကြော ကြပ်တည်းမှုပြဿနာ ဖြေရှင်းနိုင်မှာဖြစ်တဲ့အပြင် မြို့ကွက်သည်လည်း မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျ သပ်သပ်ရပ်ရပ် ဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရှိရပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေနဲ့ ညောင်လေးပင်မြို့ရှိ ဒေသခံ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ညောင်လေးပင်ဘူတာ၌ လူကူးခုံးကျော်တံတား(၁)စင်း ဆောက်လုပ်ရေးကို ဂျပန်နိုင်ငံ ODA ချေးငွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)၊ အပိုင်း(၁) စီမံကိန်း လုပ်ငန်းများမှ လုပ်ငန်းစဉ်(၁)ခုအဖြစ် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ လက်ရှိမှာ စီမံကိန်းတင်ဒါ ဖိတ်ခေါ်ခဲ့ပြီး တင်ဒါရွေးချယ်မှုကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်တွေအတိုင်း အဆင့်ဆင့် ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လူကူးခုံးကျော်တံတား ဆောက်လုပ်မယ့် ဒီဇိုင်းပုံပါ။

မီးရထားခုံးတံတားအား နာရီဝက်၊ (၄၅) မိနစ်၊ (၁) နာရီ ခန့် ပိတ်ထားရခြင်းမရှိကြောင်း ပျမ်းမျှအားဖြင့် အစုန်ရထားဖြတ်သန်းလျှင် ၉ မိနစ်၊ အဆန်ရထား ဖြတ်သန်းလျှင် (၆) မိနစ်ခန့် ဂိတ်ပိတ်ချိန် ကြန့်ကြာကြောင်း သိရှိရပါတယ်။ ဂိတ်က(၃၂)ပေ ကျယ်သဖြင့် လက်ရှိမှာ တံခါးရွက် (၄)ရွက်နဲ့ အဖွင့်/အပိတ်ပြုလုပ်ရတဲ့အတွက် လောလောဆယ်အနေနဲ့ ဂိတ်တံခါးပိတ်ချိန်ကို ယခုထက် အချိန်လျှော့ချရန် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါဂိတ်၌ ပျမ်းမျှအားဖြင့် (၂၄) နာရီ အတွင်း ကား (၃၉၀၀) စီး၊ ဆိုင်ကယ် အစီး (၂၁၄၀၀) ဖြတ်သန်းလျက်ရှိပါတယ်။ ကောက်ယူရရှိထားတဲ့ စစ်တမ်းများအရ နံနက် (၈) နာရီကနေ (၉) နာရီကြားမှာ ကားအစီး (၂၀၂) စီး၊ ဆိုင်ကယ်အစီး (၁၈၄၀)ခန့် အများဆုံး ဖြတ်သန်းလျက်ရှိတာကို သိရှိရပါတယ်။ ဂိတ်ပိတ်ထားချိန် ဂိတ်အရှေ့ခြမ်းမှာ ကား(၂၂)စီး၊ ဆိုင်ကယ် (၁၃၀)စီးနဲ့ ဂိတ်အနောက်ဘက်ခြမ်းမှာ ကား (၁၉)စီး၊ ဆိုင်ကယ် (၁၂၀)စီးခန့် ရပ်တန့်စောင့်ဆိုင်းရတာကို စိစစ်တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မြို့ရှောင်လမ်းအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နဲ့ စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့

ကိုယ်စား ဖြေကြားရမယ်ဆိုရင်တော့ ညောင်လေးပင်မြို့ရှောင်လမ်းကို ဖောက်လုပ်မယ်ဆိုရင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင် (၉၆/၁)မှ စတင်ပြီးတော့ ညောင်လေးပင်မြို့အထွက် မိုင်တိုင် (၁၀၁/၁)မှာ လမ်းဟောင်းနဲ့ ပြန်လည်ဆုံတွေ့မှာဖြစ်ပါတယ်။ ညောင်လေးပင်မြို့ကို မြို့အင်္ဂါရပ်နဲ့အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၆ ခုနှစ်မှာ ညောင်လေးပင်မြို့ရဲ့ Town Plan ကို လျာထားအဆိုပြု ရေးထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ညောင်လေးပင်နဲ့ကပ်လျက်ရှိတဲ့ ပြွန်တန်ဆာမြို့မှာလည်း ယာဉ်ကြောပိတ်ဆို့မှုများ ရှိနေတဲ့အတွက် ပြွန်တန်ဆာမြို့နဲ့ ညောင်လေးပင်မြို့တို့အတွက် တစ်ပေါင်းတည်း မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ခြင်း ဆောင်ရွက်မယ်ဆိုရင် ယာဉ်ကြော ကြပ်တည်းပိတ်ဆို့မှုကို ဖြေလျှော့နိုင်မှာဖြစ်တဲ့အပြင် မြို့ကွက်များသည်လည်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့နဲ့ ပြွန်တန်ဆာမြို့တို့မှာ တစ်ပေါင်းတည်းမြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရေးအတွက် ပြွန်တန်ဆာမြို့ရဲ့ Town Plan အား မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်မှာ စတင်ရေးဆွဲသွားမှာ ဖြစ်ပြီး ခန့်မှန်းကြာမြင့်ကာလမှာ နှစ်လခန့် ဖြစ်ပါတယ်။ ပြွန်တန်ဆာမြို့ရဲ့ Town Plan ကို ရေးဆွဲပြီးစီးပါက မြို့ရှောင်လမ်းဖောက်လုပ်ရန်အတွက် အထက်ဌာနရဲ့ အတည်ပြုချက် ရယူဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ၏ ရန်ကုန်မြစ်ကမ်းတစ်လျှောက် ကမ်းပြိုမှုများ ပိုမိုဖြစ်ပွားလာသဖြင့် ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပွားအောင် ကာကွယ်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းတို့ကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြစ်ဟု သတ်မှတ်ခေါ်ဝေါ်သော အပိုင်းဟာ ကမာရွတ်မြို့နယ်အနီးရှိ လှိုင်မြစ်နဲ့ ပန်းလှိုင်မြစ်တို့ ပေါင်းဆုံတဲ့နေရာမှစ၍ ပုဇွန်တောင်ချောင်း၊ ပဲခူးမြစ်တို့ ပေါင်းဆုံမှတ်ကျော်ပြီး ပင်လယ်ဝရောက်တဲ့အထိ လမ်းကြောင်းကို ခေါ်ဆိုတာဖြစ်ပါတယ်။ ရန်ကုန်မြစ်ကို အပေါ်ပိုင်းနဲ့ အောက်ပိုင်းအဖြစ် (၂)ပိုင်း ခွဲခြားနိုင်ပါတယ်။ ရန်ကုန်မြစ်အပေါ်ပိုင်းမှာ ပန်းလှိုင်မြစ်နဲ့ လှိုင်မြစ်ဆုံမှတ်မှ ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းတို့ ဆုံတဲ့နေရာအထိကို ခေါ်ပြီးတော့ ရန်ကုန်မြစ်အောက်ပိုင်းကိုတော့ လှိုင်မြစ်၊ ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းတို့ စီးဝင်တဲ့ ဆုံမှတ်ကနေ ပင်လယ်ဝ ထွက်သည်အထိ အပိုင်းကို ခေါ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ရန်ကုန်မြစ်အပေါ်ပိုင်း ဆိပ်ခံတံတား ဒီရဲ့ရှေ့မှာ အများအားဖြင့် နုန်းပို့ချခြင်းတွေ ရှိပါတယ်။ အဲဒီနုန်းပို့ချခြင်းတွေ ဖြစ်ပေါ်ခြင်းတွေကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သောင်တူး၊ သောင်စုပ်စက်တွေနဲ့

ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြစ်အပေါ်ပိုင်းမှာ ကမ်းပြိုတိုက်စားတဲ့ အဓိကအပိုင်းကတော့ ဆိပ်ကြီးခနောင်တို မြို့နယ်ဘက်ကမ်းမှာရှိပြီးတော့ မြစ်ကွေ့နေရာမှာရှိတဲ့ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းရဲ့ အလယ်နေရာမှာ အများဆုံးဖြစ်ပေါ်နေပါတယ်။ မြစ်ကြောင်းကို ရေတိုက်စားခံရပြီး ယိုယွင်းမပျက်စီးစေရန် စီမံဆောင်ရွက်ထားတဲ့ မြစ်ကြောင်းထိန်းတံတိုင်းဖြစ်ပြီး အဲဒီတံတိုင်းရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်းတွေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြထားတဲ့အတိုင်း Steel Sheet Pile သုံး၍ လုပ်ငန်းအကြီးစားအဖြစ် ပြုပြင်ထိန်းသိမ်းလျက်ရှိပါတယ်။

အရေးကြီးတဲ့ ပေ (၇၀၀) ခန့်ရှိတဲ့ ပြိုကျတဲ့အပိုင်းတွေ တည်ငြိမ်တဲ့ အဆင့်ထိရောက်အောင် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမှာဖြစ်ပြီး ယခု ဘဏ္ဍာရေးနှစ် အပါအဝင် (၅)နှစ်ခန့် ဆက်တိုက်ပြုပြင် ထိန်းသိမ်းသွားရန်ရှိပါတယ်။ ကျွန်တော်တို့ အခု ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ တင်ဒါခေါ်ယူထားပြီး ရန်ပုံငွေကျပ်သန်း(၅၀၀) လျာထားပြီးဖြစ်ပါတယ်။ အဲဒီအပြင် မြစ်ကြောင်းထိန်း တံတိုင်းရဲ့ အပေါ်ပိုင်းကျောက်စီနံရံ ပျက်စီးနေတဲ့ အပိုင်းတွေကိုပါ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေက နေပြီးတော့ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြစ်ရဲ့ အောက်ဘက်အစိတ်အပိုင်း ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းတို့ ပေါင်းဆုံရာကနေပြီးတော့ ရန်ကုန်မြစ်ဝအထိ ထွက်တဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီအပိုင်းရဲ့တစ်လျှောက်မှာ မြစ်ရဲ့ ကန့်လန့်ဖြတ်အကျယ်က ပျမ်းမျှ(၅.၂) ကီလိုမီတာခန့်ရှိတဲ့ မြစ်ပြင်ကျယ်ပိုင်းဖြစ်ပါတယ်။ ထိုသို့ မြစ်ပြင်ကျယ် ဖြစ်နေတာနဲ့အတူ ဒီရေ အတက်/အကျကြောင့် ရန်ကုန်မြစ်အောက်ပိုင်းဟာ ရေလမ်းကြောင်းနဲ့ ရေရဲ့အတိမ်အနက်ကို ထိန်းသိမ်းရခက်ခဲတဲ့အပိုင်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း အဲဒီမြစ်အပိုင်းရဲ့ အနောက်ဘက်အပိုင်း တစ်လျှောက်မှာ လယ်မြေများနဲ့ ထိစပ်နေတဲ့အပိုင်းဖြစ်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ အဲဒီ ဆိပ်ကမ်းမြစ်ကြောင်းတစ်လျှောက် ဖြတ်သန်းခုတ်မောင်းနေသော ပင်လယ်ကူးသင်္ဘောကြီးများအတွက် လိုအပ်တဲ့ ရေစူးအနက်ရှိတဲ့ ရေလမ်းကြောင်းရှိနေပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ပင်လယ်ရပ်ခြား ကုန်သွယ်မှုအတွက် သင်္ဘောကြီးများ ဝင်/ထွက်သွားလာခဲ့တဲ့ နိုင်ငံအဝင် ရေလမ်းကြောင်းကြီး အဖြစ် တည်ရှိခဲ့ပါတယ်။ အဆိုပါ နှစ်(၁၀၀) နီးပါးကာလအတွင်း ပင်လယ်မြစ်ဝ မြစ်ကျယ်ဧရိယာတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ကမ်းပြိုမှုစံများအရ သိသိသာသာ ကမ်းပြိုကျခြင်း၊ တိုက်စားခြင်းများ မရှိခဲ့သည်ကို ၁၉၃၀ ခုနှစ်ခန့်က ရေကြောင်းမှတ်တမ်းမြေပုံနဲ့ လက်ရှိအချိန် တိုင်းတာရရှိတဲ့ ရေကြောင်းမြေပုံတို့ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် တွေ့ရှိခဲ့ရပါတယ်။

ရန်ကုန်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာ ကော့မှူးမြို့နယ်အတွင်းရှိ သရက်တော ကျေးရွာနဲ့ ပင်လယ်ဝ သောင်ခုံကျေးရွာအထိဖြစ်တဲ့ အလျား (၇)မိုင်ခန့်ရှိနိုင်မယ့် ကမ်းနားဘက် အနီးဆုံးဖြစ်တဲ့ ရေလမ်းကြောင်းကို အများဆုံးအသုံးပြု၍ သင်္ဘောကြီးများ ဝင်/ထွက်ခုတ်မောင်း နေရပါတယ်။ အဆိုပါကမ်းနားအပိုင်းရဲ့ အောက်ဘက်ရှိတဲ့ ပေါ်ထွန်းနေတဲ့သောင်ခုံကို မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်မှ သောင်ဖြတ်၊ သောင်တူးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မယ့် ကုမ္ပဏီများကို နိုင်ငံတကာ တင်ဒါစနစ်ဖြင့် ရွေးချယ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈

ဘဏ္ဍာရေးနှစ်အတွက်ကို အမေရိကန်ဒေါ်လာ (၁)သန်း လျာထားပြီးဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရေလမ်းကြောင်းကို အတတ်နိုင်ဆုံး အဖြောင့်ပုံစံပြောင်းပြီး ကမ်းနဖူးစပ်ကို ရေဦးထိုးမှုကြောင့် ကမ်းပြိုသည့်သက်ရောက်မှု လျော့ကျစေမှာဖြစ်ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ရှေးယခင်ကတည်းက ဒီပင်လယ်ကူးသင်္ဘောတွေ ဝင်/ထွက်တာကတော့ မြစ်ဝမြစ်ပြင်ကျယ်ရဲ့ ဘယ်ဘက်ခြမ်းကိုပဲ ကပ်ပြီးတော့ ဝင်/ထွက်သွားလာရတဲ့ အကြောင်းအရင်းကတော့ မြစ်ရဲ့အလယ်ပိုင်းမှာ ကျွန်တော်တို့ သောင်ခုံတွေရှိတဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုဆောင်ရွက်နေတဲ့ စီမံကိန်းအရ အဲဒီသောင်ခုံတွေကို တူးပြီးတော့ မြစ်ရေလမ်းကြောင်းကို ကျွန်တော်တို့က အလယ်ဘက်နားကို ရွှေ့ပြောင်းနိုင်မယ်ဆိုရင် ဘယ်ဘက်ခြမ်း ရေဦးထိုးခြင်းများ သက်သာပြီးတော့ ကမ်းပြိုမှုများ သက်သာစေနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်မြစ်ရဲ့အောက်ပိုင်း ကမ်းပြို၊ ကမ်းစားမှုများဟာ သဲနုန်းပို့ချမှု များပြားခြင်း ရေလယ်သောင်ရွှေ့လျားပြီး မတည်ငြိမ်ခြင်း၊ ဒီရေအတက်နှင့်အတူ အင်အားပြင်း လှိုင်းမြင့်ပုတ်ခတ်တဲ့ဒဏ်အဆက်မပြတ် ခံစားရတာတွေကြောင့် ကမ်းပြိုမှုတွေ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ သရက်တောကျေးရွာနဲ့ သောင်ခုံကျေးရွာအကြား အလျား(၇)မိုင်ခန့်လောက်ရှိတဲ့ ကမ်းနဖူးမှာ ရေကာတာ တံတိုင်းတစ်ခု တည်ဆောက်ပြီးတော့ မြစ်ကမ်းနဖူးပြိုကျခြင်းကို ကာကွယ်ဆောင်ရွက်ထားရန် လိုအပ်မှာဖြစ်ပါတယ်။ ရန်ကုန်မြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကမ်းပြို၊ ကမ်းစားကာကွယ်ရေးတို့ဟာ ဆောင်ရွက်မယ့်စီမံကိန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာအကူအညီများ ရယူပြီး ဆောင်ရွက်သင့်ပါသဖြင့် နှစ်ရှည်စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**Tender အောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေ မြန်ဆန်စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့်ဖက်စပ်လုပ်သော ဘဏ်များမှ Tender Project Loan ချေးပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က Tender အောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေ မြန်ဆန်စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့်

အစိုးရနှင့်ဖက်စပ်လုပ်သော ဘဏ်များမှ Tender Project Loan ချေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်စနစ်မဖွံ့ဖြိုးဘဲနဲ့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ယခုမေးမြန်းတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေက လုပ်ဖို့ရန်လိုအပ်တဲ့ အများကြီးထဲက တစ်ခုဖြစ်ပါတယ်။ Tender လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် အခုမှာတော့ ယခင်အစိုးရတွေလက်ထက်က အခွင့်ထူးခံပုဂ္ဂိုလ်တွေ မဟုတ်ရင်လည်း ဒီမူးယစ်ဆေးဝါးပဲဖြစ်ဖြစ် အခြားတရားမဝင် လမ်းကြောင်းကနေရတဲ့ ငွေရှင်၊ ကြေးရှင်တွေကပဲ အလုပ်ဖြစ်နေတာကိုပဲ တွေ့ရပါတယ်။ ဒီလို သူတို့တွေပဲ အလုပ်ဖြစ်တဲ့အတွက်ကြောင့် ဘာဖြစ်သလဲဆိုရင် Money Laundering ဖြစ်တဲ့ ငွေဖြူကို လုပ်ချင်တဲ့ ရည်ရွယ်ချက်ကြောင့်သော်လည်းကောင်း၊ နောက် တခြားနည်းလမ်းဟာ ဘာလဲဆိုတော့ ဒီဈေးကွက်က ပျက်စီးသွားပါတယ်။ ဒီလုပ်ငန်းတစ်ခုဟာ အမှန်ဆိုရင် ဘဏ်နဲ့ တွဲလုပ်နိုင်မှ မြေပြင်မှာရှိနေတဲ့ ဈေးကွက်အမှန် ဖြစ်ပါတယ်။ ဆိုတော့ အခု ဒီလိုဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ လုပ်ငန်းရှင်သစ်ဆိုတာလည်း မပေါ်ပေါက်နိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ၊ အဟောင်းတွေပဲ အလုပ်ဖြစ်နေတဲ့ အနေအထားမှာရှိပါတယ်။

အဲဒါကြောင့် ကျွန်တော် အခု မေးခွန်းတစ်ခု မေးမြန်းရခြင်း ဖြစ်ပါတယ်။ Tender အောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေ မြန်ဆန်စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့်ဖက်စပ်လုပ်သော ဘဏ်များမှ Tender Project Loan ကို အာမခံပစ္စည်းမလိုဘဲ Tender အောင်မြင်သူများက ရိုးရှင်းလွယ်ကူသော စနစ်ဖြင့် ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ဘဏ်များမှတစ်ဆင့် ငွေများကို ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ဘဏ်များမှတစ်ဆင့် ငွေများကို ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ ခင်ဗျား။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကင်းရှိန် ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ တနင်္သာရီတိုင်း ၂၀၁၇ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ဥပဒေ စည်ပင်သာယာရေး ဥပဒေ အခန်း(၆) ပုဒ်မ ၁၀ (ဂ) မှာ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းနဲ့အညီ အစိုးရအဖွဲ့ထံမှ ငွေချေးယူခြင်း၊ အထောက်အပံ့ များရယူခြင်းဆိုတဲ့ အပိုဒ်တစ်ပိုဒ် ပါ ပါတယ်ခင်ဗျား။ အဲဒီအပိုဒ်အရပေါ့။ နောက်ပြီး စည်ပင်ကော်မတီ ဟာ တကယ်လည်း မြို့နယ်တိုးတက်ရေးအတွက် အလွန်လိုအပ်တဲ့ အဖွဲ့အစည်းပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ကိုယ့်မြို့နယ်တိုးတက်ဖို့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေပါ။ အဲဒီတော့ ကျွန်တော်တို့ မြို့နယ်စည်ပင်ကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပေါင်းပြီးတော့ လုပ်ကြပါ တယ်။ မြို့နယ်မှာ လိုအပ်လို့လုပ်တဲ့ လုပ်ငန်းတွေကလည်း များတယ်ခင်ဗျား။ သန့်ရှင်းရေး၊ မြောင်း၊ လမ်း၊ တံတား၊ ဈေး၊ အမှိုက် အထူးသဖြင့် ကျွန်တော်တို့ ပုလောမှာဆိုရင် အမှိုက်ကား၊ စည်ပင်မှာ အမှိုက်ကား တစ်စီးပဲရှိတယ်။ ကျွန်တော်တို့ မြို့နယ်ထဲမှာ လူငယ်တွေကနေပြီးတော့ တို့မြို့သာယာ တို့ဝန်တာ ဆိုတဲ့ အဖွဲ့ကို ဖွဲ့ပြီးတော့ အမှိုက်သိမ်းပေးတယ်။ ကျွန်တော်တို့ ကားတစ်စီး ရှာပေးထား သေးတယ်။ အဲဒီလိုလုပ်ငန်းအများကြီး လုပ်လိုတဲ့အတွက် ပိုက်ဆံချေးချင်တာ ဖြစ်ပါတယ်။ နောက် တိုင်းကနေ ပေးတဲ့ငွေကလည်း ယောင်းမကြီးရာ ဟင်းဖတ်ပါသလိုပဲ ခင်ဗျား။ မြို့ကြီးတွေကျတော့ သိန်း(၈၀၀၀)၊ (၆၀၀၀)၊ (၄၀၀၀) အဲဒီလိုပေးတယ်။ ကျွန်တော်တို့ မြို့ငယ်တွေကျတော့ (၁၅၀၀)၊ (၂၀၀၀) အဲဒီလောက်ပဲ ရတယ်ခင်ဗျား။ အဲဒါနဲ့မလုံလောက်ဘူး။ နောက်တစ်ခါ ကျွန်တော်တို့ လုပ်ခဲ့တဲ့ဟာတွေက လွှတ်တော်မှာ ဆုံးဖြတ်သွားတယ်။ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ရန်ကုန်စည်ပင် ဒေါ်လာ(၁၂၄)သန်း၊ ထောက်ပံ့ငွေ(၁)သန်း၊ (၁၂၅)သန်း၊ နောက်တစ်ခါ ဂျပန်ကနေပြီးတော့ ချေးပေး တယ်။ JICA ကနေပြီးတော့ ချေးပေးတယ်။ SME တွေကိုချေးတယ်။ အဲဒါတွေ အားလုံးပါပြီးသားပါ။ ဂျာနယ်တွေ၊ သတင်းစာတွေထဲမှာ အားလုံးသိပြီးသားပါ။ ကျွန်တော် အချိန်ငဲ့ပြီး အဲဒါတွေ မပြောတော့ ဘူး။ နောက်ဆုံး ကျွန်တော်တို့ အဲဒီအသေးစားလုပ်ငန်း(၁၈၆)ခု၊ ဘဏ်(၆)ခု ကနေပြီး ချေးနေတဲ့ ပိုက်ဆံ၊ နောက်ပြီး ဂျာမနီကရတဲ့ ယူရို (၄.၄၅)သန်း ချေးဦးမှာပါ။

နောက်တစ်ခါ ကျွန်တော်တို့ အမေဟာ ဝမ်းတွင်းသွားပြီးတော့ ဝမ်းတွင်းမြို့နယ် မြေတိုက် ကန်ကျေးရွာမှာ ပြည်သူနဲ့စကားဝိုင်းပြီးတော့မှ ပြောတယ် ခင်ဗျား။ အဲဒီ အလတ်စား၊ အသေးစား ချေးငွေတွေ ငွေချေးဖို့ကိစ္စပြောသေးတယ် ခင်ဗျား။ ကျွန်တော်တို့ အသေးစား၊ အလတ်စား SME တွေကို ကျွန်တော်တို့ စည်ပင်နဲ့ယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့စည်ပင်က အမေရဲ့ သားအရင်းတွေ လိုဖြစ်တယ် ခင်ဗျား။ နောက် SME တွေကို မြေးလောက်ပဲ ရှိတယ် ခင်ဗျား။ ကျွန်တော် အဲဒီလို ယူဆတယ် ခင်ဗျား။ အဲဒီတော့ အမေကို ပြောချင်တယ် ခင်ဗျား။ ကျွန်တော်တို့ကိုလည်း ချေးပေးပါ။ လုပ်ပါ့မယ် ကျွန်တော်တို့လည်း၊ မြို့နယ်တိုးတက်ရာတိုးတက်ကြောင်း၊ တိုင်းပြည်တိုးတက်ရာ တိုးတက်

ကြောင်း အမေပြောထားတဲ့ အတိုင်း အဓိပတိ(၄)ပါး၊ ဆန္ဒဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိထားပြီးတော့ နောက်ပြီးတော့ ဟိုး အဖိုးပြောထားတဲ့အတိုင်း သူများတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က အလှမ်း(၂၀) လောက် လှမ်းပြီးတော့ ကျွန်တော်တို့ မြို့နယ်တိုးတက်အောင် လုပ်မှာပါလို့ အဲ့ဒီလို ကတိပေးချင်တယ် ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ ချေးပေးပါလို့ ပိုက်ဆံကို။ အမေကိုလည်း တောင်းပန်ချင်ပါတယ် ခင်ဗျား။

နောက်တစ်ခါ ပိုက်ဆံဘယ်ကရမလဲဆိုတော့ ကျွန်တော် အကြံပေးချင်တယ် ခင်ဗျား။ အမေကို အမေ့မိတ်ဆွေကြီးရှိတယ်။ အဲဒီ ပုဂ္ဂိုလ်ကနေပြီးတော့ ချေးပေးပါလို့။ ကျွန်တော်တို့ အမေမှာ ရင်းနှီးတဲ့ မိတ်ဆွေရှိပါတယ်။ ငွေချေးစားနေတဲ့ ကုမ္ပဏီကြွယ်သူဌေးကြီး၊ အဲဒီသူဌေးကြီးဆီက ချေးပြီးတော့ ကျွန်တော်တို့ကို တစ်ဆင့်ပြန်ချေးပေးပါ။ ကျွန်တော်တို့ မြို့နယ်တိုးတက်အောင်လည်း လုပ်မယ်။ အတိုးပြန်ပေးနိုင်အောင်လည်း လုပ်မယ်။ အရင်းဆပ်နိုင်အောင်လည်း လုပ်မယ်။ ကျွန်တော်တို့ အခွန်ကိုလည်း သေသေချာချာပေးမှာပါ။ အပြည့်အဝပေးမှာပါ ခင်ဗျား။ တိုင်းပြည်မှာ အခွန် အပြည့်အဝရမှ တိုင်းပြည်တိုးတက်မယ်ဆိုတာလည်း ကျွန်တော် သိပါတယ်။ အဲဒီတော့ အမေကနေတစ်ဆင့် ကျွန်တော်တို့ကို ပိုက်ဆံချေးပေးပါလို့။ ကျွန်တော်တို့ အမြန်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး လုပ်မယ်။ မြို့နယ်တွေ တိုးတက်လာခြင်းအားဖြင့်လည်း ရန်ကုန်မြို့ကြီးလည်း တိုးချဲ့ရ သက်သာသွားမယ် ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ကို မဖြစ်ဖြစ်အောင် ချေးပေးပါလို့။ ချေးမပေးရင် ကျွန်တော် ငိုချပြီး ပြောချင်တယ်ခင်ဗျား။ အမေ ပြောချင်စရာက အများကြီးခင်ဗျား။ အချိန်ကလည်း ကုန်တော့မယ်။ အဲဒီတော့ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကို-----------

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးရမှာ ပြောချင်စရာပြောဖို့မဟုတ်ဘူး။ ခင်ဗျား လိုချင်တဲ့ မေးခွန်းမေး။ ဒါ ဆွေးနွေးနေတာ မဟုတ်ဘူး။

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ အဲဒီတော့ မြို့နယ်စည်ပင်သာယာရေးတွေကို ပိုက်ဆံချေးဖို့ အခြေအနေ ရှိ/မရှိ။ ချေးမယ်ဆိုရင်လည်း ဘယ်အချိန်လောက် ချေးမယ်ဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးဆက်အောင် (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးကို မင်္ဂလာပါ ခင်ဗျား။ ကျွန်တော် ပထမဦးဆုံးဖြေမယ့် မေးခွန်းကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း

၏ Tender အောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေ မြန်ဆန်စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့်ဖက်စပ်လုပ်နေသော ဘဏ်များမှ Tender Project Loan ချေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရပိုင်ဘဏ်တွေအားလုံးထဲမှာတော့၊ မြန်မာ့စီးပွားရေးဘဏ်ကတော့ မြန်မာနိုင်ငံအနှံ့ကို ကွန်ရက်ဖြန့်ကြက်ပြီးတော့ ဘဏ်ခွဲများ အများဆုံးထားရှိနိုင်တဲ့ အကြီးဆုံး နိုင်ငံတော်ပိုင်ဘဏ်တစ်ခု ဖြစ်ပါတယ်။ ဒီနိုင်ငံပိုင်ဘဏ်ဖြစ်တာနဲ့အညီ မြန်မာ့စီးပွားရေးဘဏ် နိုင်ငံတော်မူဝါဒများနဲ့အညီသော်လည်းကောင်း၊ နောက် ငွေရေးကြေးရေး အဖွဲ့အစည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီသော်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဟာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် လိုအပ်တဲ့ဘဏ္ဍာငွေများကို စုစည်းပြီးတော့၊ အရင်းအမြစ်များကို စုစည်းပေးပြီးတော့ နိုင်ငံတော်အတွက် ကဏ္ဍအလိုက် လိုအပ်တဲ့ ချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိပါတယ်။ ဥပမာ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများဖြစ်တဲ့ SME များကိုလည်း ငွေချေးပေးလျက်ရှိပါတယ်။ နောက် မြန်မာအာမခံရဲ့ Credit Guarantee Insurance စနစ်ကိုလည်း ပူးတွဲအာမခံအဖြစ် လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများကိုလည်း စိုက်ပျိုးရေးဘဏ်ကနေ တစ်ဆင့် တောင်သူလယ်သမားများကိုလည်း မူဝါဒချေးငွေများကို ချေးပေးလျက် ရှိပါတယ်။ နိုင်ငံတော်အတွက် နိုင်ငံတော်ရဲ့ ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အမြတ်ရရှိရေးသက်သက်ကို မဟုတ်ဘဲနဲ့ အရှုံးခံပြီးတော့ ဆောင်ရွက်ရခြင်းများလည်း ရှိပါတယ်။

သို့သော် လောလောဆယ်ကတော့ ပုဂ္ဂလိကလုပ်ငန်းများကို ငွေချေးတဲ့အခါမှာ မြန်မာ့စီးပွားရေးဘဏ်နဲ့ တခြားနိုင်ငံပိုင်ဘဏ်များအနေနဲ့ အပေါင်ပစ္စည်းဖြင့်သာ ချေးပေးလျက်ရှိနေပါသေးတယ်။ အခု အသစ်ထွက်ပေါ်လာတဲ့ ၂၀၁၆ ခုနှစ်ကနေပြီး ထွက်ပေါ်လာတဲ့ Financial Institution Law လို့ခေါ်တဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအသစ်အရ ဒီ Project Loan တွေကို အပေါင်ပစ္စည်းမပါဘဲနဲ့ စတင်ပြီးတော့ ချေးနိုင်နေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ Project Loan ချေးတဲ့အခါမှာ Cash Flow Projection မျှော်မှန်းငွေကြေးစီးဆင်းမှု ဆန်းစစ်လေ့လာခြင်းများကို ဆောင်ရွက်ရပါတယ်။ နောက် Project Net Present Value လို့ခေါ်တဲ့ စီမံကိန်းရဲ့ လက်ငင်းတန်ဖိုးတွက်ချက်ခြင်းများကို လုပ်ရပါတယ်။ နောက်ပြီးတော့ စီမံကိန်းမှာပါဝင်တဲ့ Supplier တွေ Customer တွေနဲ့ လိုအပ်တဲ့ စာချုပ်စာတမ်းများကို ချုပ်ဆိုရပါတယ်။ နောက်ပြီးတော့ အခြားဘဏ်များနှင့် ပူးပေါင်း၍ တကယ်လို့ဆုံးရှုံးနိုင်ချေရှိတယ်ဆိုလည်း အခြားဘဏ်တွေနဲ့ ပူးပေါင်းပြီးတော့ Certificated Mechanism များကို ဆောင်ရွက်ရတာတွေ လုပ်ရပါတယ်ခင်ဗျား။ အဲဒီလိုလုပ်တဲ့အခါမှာ ထိုသို့ဆောင်ရွက်ရန်အတွက် နည်းပညာများ အထူးလိုအပ်ပါတယ်။ မြန်မာနိုင်ငံဘဏ်များဟာ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ဒီနည်းပညာမရှိဘဲနဲ့ နှစ်ပေါင်းများစွာ အပေါင်ပစ္စည်းနဲ့သာ ငွေချေးတဲ့ ထုံးစံရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ဒီလိုမျိုး Project Loan တွေ စပြီးတော့ ချေးမယ်ဆိုတော့ နည်းပညာ အားနည်းမှုတွေက မြန်မာနိုင်ငံပိုင်ဘဏ် အကုန်လုံးလိုလိုမှာ ကြုံတွေ့နေရပါတယ်။ ဒါပေမဲ့ အချို့ဘဏ်များအနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာ ပိုမိုမြန်ဆန်စွာ အားဖြည့်နိုင်တဲ့အတွက် ၎င်းဘဏ်

များမှာလည်း ငွေစတင်ပြီးတော့ Project Loan တွေ စတင်ပြီးတော့ လျှောက်ထားချေးယူလို့ ရနိုင်နေပြီ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ အစိုးရဖက်စပ်ဘဏ်များအနေနဲ့ကတော့ လတ်တလော နည်းပညာပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ သို့သော် နည်းပညာပိုင်းဆိုင်ရာများ အားဖြည့်ပြီး ထိုသို့ဆောင်ရွက်လာနိုင်ရန်အတွက် သုံးသပ်ကြိုးစားသွားမည် ဖြစ်ကြောင်းကို လေးစားစွာနဲ့ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန် ၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ဘဏ်များမှတစ်ဆင့် ငွေများကို ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်း၍ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယခုလို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် စီမံကိန်းများအတွက် ချေးငွေများနှင့် ပတ်သက်၍ နိုင်ငံတကာမှာလည်း စီမံကိန်းဖြစ်နိုင်စွမ်း (Feasibility Study) များ လေ့လာပြီးတော့မှသာ ငွေချေးလေ့ရှိပါတယ်။ တချို့နိုင်ငံများမှာတော့ Municipal Bond တွေ Project Base Bond တွေ ရောင်းပြီးတော့ ငွေချေးလေ့လည်း ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ ယခုအချိန်မှာတော့ မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေနဲ့ ရရှိတဲ့ ဝင်ငွေ၊ သုံးငွေမလောက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဘတ်ဂျက်ကနေပြီးတော့ ကျခံသုံးစွဲပေးရန်ဖြစ်ပါတယ်။

နိုင်ငံတော်အတွက်လိုအပ်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ပါက နိုင်ငံခြားအကူအညီများကို အတိုးနှုန်းသက်သာတဲ့ Construction Loan များကို လျှောက်ထားနိုင်ရေးအတွက်ကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရယူဆောင်ရွက်နိုင်ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ ပတ်သက်လို့ကတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့အတိုင်းပဲ World Bank တို့၊ ဘာတို့ကနေ ချေးငွေကို နိုင်ငံတော်အနေနဲ့ ချေးပြီးတော့ အဲ့ဒီချေးငွေကို On loan သဘောမျိုးနဲ့ ဒီမြို့နယ်၊ တိုင်းဒေသကြီးတွေရဲ့ စီမံကိန်းများကို ပြန်လည်ပြီးတော့ တစ်ဆင့်ချေးတဲ့ ပုံစံမျိုး လုပ်ထုံးလုပ်နည်းများနှင့်လည်း ရယူဆောင်ရွက်နိုင်ပါတယ်။

နောင်မှာတော့ တိုင်းဒေသကြီး၊ ပြည်နယ်မြို့နယ်အသီးသီးမှာ အရေးကြီးတဲ့စီမံကိန်းများကို PIP လို့ ခေါ်တဲ့ Public Investment Programme များ ရေးဆွဲပြီးတဲ့အခါမှာ ပုဂ္ဂလိက PPP စနစ်နဲ့ ဆောင်ရွက်အကောင်အထည်ဖော်မယ့် စီမံကိန်းများ၊ နောက် နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်မယ့် စီမံကိန်းများ၊ နိုင်ငံခြား အကူအညီအထောက်အပံ့နဲ့ ဆောင်ရွက်မယ့် စီမံကိန်းများဟူ၍ ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယခုလိုမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အမြော်အမြင်နဲ့ စိတ်ဆန္ဒအား သိမြင်မိပါတယ်။

သို့သော် ယခုအချိန်မှာတော့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရတဲ့အချိန်ကာလ ဖြစ်တဲ့အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ နိုင်ငံတော်အနေနဲ့ ငွေထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါဘူးခင်ဗျား။ သို့သော် အထက်ဖော်ပြပါ

အတိုင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်တိုင်းဒေသကြီး၊ ပြည်နယ် ဘတ်ဂျက်မှသော်လည်းကောင်း၊ နိုင်ငံတော်အတွက်လိုအပ်သော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်ပါက နိုင်ငံခြား ဖွံ့ဖြိုးမှုအကူအညီဖြင့်လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၃၀) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။**　　။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။**　　။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက် ၁၃-၇-၂၀၁၇ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၆)ရက်မြောက် ၂-၈-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၈-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆိုတင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆိုအား ကျွန်တော့်အနေဖြင့် လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုဖြစ်စဉ်သည် သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့အတွက် အကြမ်းဖက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၀)(၁၃)အရ အရေးယူရန်နှင့် ပုဒ်မ ၆ အရ ဆောင်ရွက်ရန် အကြမ်းဖက်အဖွဲ့အစည်းကို ဘင်္ဂါလီအမည်အဖြစ် သတ်မှတ်ရန်နှင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်သည့် အုပ်စု၊ ငွေကြေးထောက်ပံ့သူများ၊ အားပေးကူညီလုပ်ဆောင်သူများကို ထိရောက်စွာ စုံစမ်းဖော်ထုတ် အရေးယူရန် လိုအပ်ပါတယ်။

နေရပ်စွန့်ခွာ ထွက်ပြေးလာသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရန် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျေးရွာ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ အမှန်တကယ် လိုအပ်တာကတော့ လက်ရှိအိမ်ခြေနည်းသည့် ကျေးရွာများကို ထပ်မံတိုးချဲ့နေရာချထားပေးမှ နေရပ်စွန့်ခွာမှု နည်းမည်ဖြစ်သလို ကျေးရွာများ ရပ်တည်နိုင်မည်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ပဋိပက္ခဖြစ်စဉ်များ၏ အနည်းငယ်သော ဖြစ်ရပ်တချို့ကို အထောက်အထားနှင့်တကွ တင်ပြပါမယ်။

ဥက္ကဋ္ဌမှတစ်ဆင့် Power Point မှ ပြသခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ လှုပ်ရှားနေသည့် လူအုပ်များမှာ မောင်တောမြို့ပေါ် ရဲစခန်းနဲ့ ဗလီရှေ့ လမ်းမပေါ်၌ အကြမ်းဖက်အုပ်စုဖြစ်ပါတယ်။ ဒါတွေဟာ နေရာတစ်ကွက်၊ နေရာတစ်ခု ဖြစ်ပါတယ်။ တည်းခိုခန်းနဲ့ နေအိမ်များ မီးရှို့နေသူကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်မရ၍ ရပ်ကြည့်နေရသည့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်က ပစ်မိန့်ပေးဖို့ ပြောဆိုထားခြင်း ဖြစ်ပါတယ်။ ၈-၆-၂၀၁၇ ရက်နေ့ ဘင်္ဂါလီအကြမ်းဖက်များ၊ ဒေသခံတိုင်းရင်းသားများ၊ ပညာရေးဝန်ထမ်းများ၊ ရဟန်းသံဃာများ အပါအဝင် နေအိမ်များ၊ ကျေးရွာများ မီးရှို့ဖျက်ဆီး သတ်ဖြတ်ခဲ့သည့် ပုံတွေကို၊ ဒါကတော့ ၉-၁၀-၂၀၁၆ ရက်နေ့ ရခိုင်တိုင်းရင်းသား (၂)ဦး၊ မြိုတိုင်းရင်းသား(၇)ဦး သေဆုံးသွားသည့် မှတ်တမ်းဓာတ်ပုံများကို ကျန်းမာရေးအရ ပြသခွင့်မရတော့ ကျွန်တော့်အနေနဲ့ စိတ်မကောင်း ဖြစ်မိပါတယ်။ UN, NGO, WFA(ACS) အဖွဲ့မှ အထူးစီမံကိန်းဖြင့် ဆေးဝါးများ၊ ပစ္စည်းအပြည့်အဝ ကူညီထောက်ပံ့ခြင်းသည် ဘင်္ဂါလီကျေးရွာများ တစ်ရွာဝင် တစ်ရွာထွက် အချိန်ပြည့်ကူညီသည့် ဘင်္ဂါလီလူမျိုး မုဆိုးမနှင့် အိမ်ထောင်ရှိ အမျိုးသမီးများအား ကလေးမွေးဖွားရန် မနာရအောင် UN, NGO အဖွဲ့အစည်းမှ ဆေးဝါးများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့နေပါတယ်။ တခြားလူမျိုးများအား ထောက်ပံ့မှုမရှိဘဲ ဘင်္ဂါလီအမျိုးသမီးများအတွက် သီးသန့်ကူညီနေသည့် ကိုယ်ဝန်အပြည့်အဝ ဆောင်ရွက်ပြီး လူဦးရေတိုးပွားသောနည်းစနစ်ကို လုပ်ဆောင်နေသည်ကို သိရှိရပါတယ်။

ဘင်္ဂါလီများ၏ လုပ်ငန်းမှန်သမျှကို UN, NGO အဖွဲ့မှ တာဝန်ယူဖြေရှင်းနေသည်ကိုလည်း ရခိုင်လူထု UN, NGO, WFA အပါအဝင် အခြားနိုင်ငံခြားသား အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်မှ ထွက်ခွာပေးရန် ဆန္ဒဖော်ထုတ်ပြသခဲ့ပြီ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖြစ်ရပ်အပါအဝင် အလယ်သံကျော်ညီလာခံ၊ လူသိများတဲ့ ၁၉၅၁ ခုနှစ်၊ ဇွန်လအတွင်းက ဘင်္ဂါလီညီလာခံ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် (၇) ချက်များကို အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ ဒေသတွင်း

ဆက်လက်လှုပ်ရှားနေဖို့အတွက် ဘင်္ဂါလီ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဘင်္ဂါလီအကြမ်းဖက် အုပ်စုများနှင့် ဆက်စပ်မှုရှိနေကြောင်း၊ စစ်ဖက်ဆိုင်ရာ လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခြင်း၊ ဘင်္ဂါလီအဖွဲ့အစည်းမှ ၊S အဖွဲ့အပေါ် သစ္စာခံထားသူများ ဖြစ်ပါတယ်။ ခြေကုပ်စခန်းမရှိ၍ ဘင်္ဂါလီ အကြမ်းဖက်များက ကျေးရွာအဆင့်ဆင့်တွေမှာ အဖွဲ့ငယ်ဖွဲ့စည်းပြီး ပညာရေးစာသင်ကျောင်း၊ အာရဗီ စာသင်ကျောင်းများ၌ သင်တန်းပို့ချနေကြောင်း မကြာခဏတွေ့မြင် သိရှိသူများလည်း ရှိနေပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးနဲ့ ပတ်သက်သူများကို သတ်ဖြတ်ခြင်း၊ အုပ်ချုပ်ရေးယန္တရားကို ပြိုကွဲအောင် လုပ်နေခြင်းသည် မဟာဗျူဟာစီမံကိန်းတစ်ရပ် ဖြစ်ပါတယ်။

ထိုနည်းတူစွာ ဇွန်လ ၁ ရက်နေ့ မေယုတောင်ကြောတစ်လျှောက် လှိုဝါးလိုဏ်ခေါင်းကြီး စခန်းနဲ့ ဩဂုတ်လ ၃ ရက်နေ့ ကိုင်းကြီးကျေးရွာ မြိုရွာသား (၇)ယောက် သေဆုံးရသည့် ဖြစ်ရပ် များနှင့် ပတ်သက်၍ ပြောရမယ်ဆိုရင် ဒါကတော့ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့သည် ဒေသတွင် ဆက်လက် လှုပ်ရှားဖို့ ပထမအဆင့်စခန်းများ ရပ်တည်နိုင်ရန် ခြေကုပ်သည့် နည်းဗျူဟာတစ်ခု ဖြစ်ပါတယ်။ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် နယ်စပ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် နယ်စပ်ခြံစည်းရိုးကို အိန္ဒိယနိုင်ငံ ခြံစည်းရိုးကဲ့သို့ကာရံပြီး လူဝင်လူထွက် စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်ပေးရန် တရားဝင်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရေး၊ နယ်စပ်ခြံစည်းရိုး၏ လုံခြုံရေးနဲ့ နယ်နိမိတ်သတ်မှတ်ရေး၊ လုံခြုံရေးလမ်းကွန်ရက်များ ဖောက်လုပ်ရေး၊ ကျေးရွာများ၏ လုံခြုံရေးလမ်းများကို ပြန်လည်ဖောက်လုပ်ပေးရန် လိုအပ်ပါတယ်။ နယ်စပ်ဒေသနှင့် ကိုက်ညီမည့် အုပ်ချုပ်မှုပုံစံသစ်တစ်ခု ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါသည်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးဖို့ လိုအပ်မည်ဖြစ်ကြောင်း ဒီပြဿနာအားလုံးရဲ့ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် နယ်စပ် ခြံစည်းရိုးကို စနစ်တကျ လုံခြုံခိုင်မာအောင် တည်ဆောက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

အဆိုရှင်၏ အဆိုတွင် ရခိုင်ပြည်နယ် လွှတ်တော်စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ(၂)စောင် ကို ဗဟိုအစိုးရအဖွဲ့မှ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုကော်မရှင် ကိုဖီအာနန် ဦးဆောင်သည့်ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် အကြံပြုချက်မှာ ဘင်္ဂါလီနိုင်ငံသားများ ရရှိရေး ကိုသာ အဓိကထား ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုများ အတွက် တစ်လုံးတစ်ဘာသာမှ ထည့်သွင်းရေးသားထားကြောင်း မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ရခိုင်လူမျိုးတွေ ဘယ်လိုနေတယ်၊ ဘယ်လိုသေတယ်၊ လယ်ယာမြေနဲ့ ကျေးရွာများ ဘယ်လိုဆုံးရှုံးတယ်။ ဘယ်လိုခံစားနေရတယ်ဆိုတာကို၊ အသက်အိုးအိမ်စည်းစိမ် ဘယ်လိုခြိမ်းခြောက်ခံစားနေရတယ်ဆိုတာ ကို ထည့်သွင်းအကြံပေးထားတာ မတွေ့ရှိရပေ။ ရခိုင်ပြည်နယ်လွှတ်တော်မှ ကိုဖီအာနန် ကော်မရှင်အား ကန့်ကွက်အတည်ပြုထားပါတယ်။ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးကလည်း ကန့်ကွက်ဆန္ဒပြခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့်လည်း ကိုဖီအာနန် ကော်မရှင်အား လက်မခံနိုင်ကြောင်း ပြောကြား လိုပါတယ်။

ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ အခက်အခဲတွေကိုဖြေရှင်းဖို့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ထောက်ခံမှုဖြင့် ရောက်ရှိလာသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်း

သားတွေရဲ့အရေး၊ တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ဘဝလုံလုံခြုံခြုံ ရပ်တည်နေထိုင်ရန်နှင့် ဖိလစ်ပိုင်နိုင်ငံ မာရာဝီဒေသကဲ့သို့ မဖြစ်ရအောင် အမျိုးသားလွှတ်တော်မှ အဆိုရှင်၏အဆိုကို သဘောတူနိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

မောင်တောမြို့ပေါ် ရဲစခန်းနှင့် ဗလီရှေ့လမ်းမပေါ်၌ အကြမ်းဖက်အုပ်စု၏ မြင်ကွင်းပုံ (ကင)



တည်းခိုခန်းနှင့် နေအိမ်များ မီးရှို့နေသူကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သေနတ်ဖြင့် ပစ်မရ၍ ရပ်ကြည့်နေရသည့် မြင်ကွင်းပုံ (ကင-၁)



**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၉။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီအဆိုကို နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိက မီဒီယာများနဲ့ ကိုယ်စားလှယ်ကြီးတွေရဲ့ ဆွေးနွေးချက်အပေါ်မှာ အခြေပြုပြီးတော့မှ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဆိုမှာ (၂)ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်မှုအဖွဲ့ အကြမ်းဖက်အဖွဲ့ဝင်တွေကို ဖော်ထုတ်ပြီးတော့မှ ဥပဒေအရ အရေးယူပေးဖို့နဲ့ နေရပ်စွန့်ခွာ ထွက်ပြေး လာရတဲ့ တိုင်းရင်းသားကျေးရွာတွေရဲ့ ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်ရှင်။ ဒီသတင်းအချက်အလက်တွေဟာ ကျွန်မတို့ ခုနကပြောသလိုပဲ မီဒီယာတွေနဲ့ ကျွန်မတို့ သတင်းဆိုရှယ် မီဒီယာတွေမှာလည်း အများကြီးပဲ ရရှိနေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော် အတိုင်ပင်ခံရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်မှာ အစွန်းရောက် အကြမ်းဖက်တွေ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်မှုကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ အပြစ်မဲ့ အရပ်သား ပြည်သူတွေကို ကာကွယ်ပေးနိုင်ဖို့အတွက် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားပြီး အစွန်းရောက်အကြမ်းဖက်များ၊ အစွန်းရောက်အားပေးသူများကို အားပေးကူညီသူများအားလုံးကို ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ် ချုပ်ငြိမ်းရေးနဲ့ လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များနဲ့အတူ နယ်မြေ ရှင်းလင်းရေး ဆောင်ရွက်လျက်ရှိပြီးတော့မှ လိုအပ်တဲ့ဒေသတွေမှာ ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်သွားမယ်လို့ ဖော်ပြထားတဲ့အတွက် အဆိုရှင်ရဲ့ ပထမပိုင်းဖြစ်တဲ့ အကြမ်းဖက်အဖွဲ့ဝင်တွေကို ဖော်ထုတ်ပြီးတော့မှ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် ဆိုတာဟာ လက်ရှိဆောင်ရွက်နေပြီဖြစ်သလို နေရပ်စွန့်ခွာ ထွက်ပြေးလာတဲ့ တိုင်းရင်းသားတွေရဲ့ ကျေးရွာတွေ ရပ်တည်နိုင်ရေးအတွက်လည်း နယ်မြေရှင်းလင်းရေးနဲ့သာမက ညမထွက်ရအမိန့်တွေ ထုတ်ပြန်ခြင်း၊ လုံခြုံရေးတိုးမြှင့်ခြင်း ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။ အဲဒီအပြင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဌာနစုံက အစိုးရအဖွဲ့ဝင်တွေဟာ ဌာနအလိုက် ကွင်းဆင်းပြီးတော့မှ လိုအပ်တဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဒါတွေကို ဆောင်ရွက်နေတယ်ဆိုတာလည်း သိရပါတယ်။ အဲဒီတော့ အဆိုရှင်ရဲ့ အဆိုမှာပါတဲ့ အကြမ်းဖက်ကိစ္စတွေဟာ လတ်တလော ချက်ချင်းဖြေရှင်းဖို့ ရှုပ်ထွေးနက်နဲတယ်။ ခက်ခဲပါတယ်။ ပြီးတော့ လိုအပ်တဲ့ သတင်းအချက်အလက်တွေရရှိဖို့ အချိန်လိုပါတယ်။ နည်းပညာလိုပါတယ်။ ကျွန်မတို့ ရိုးရှင်းတဲ့ သင်္ချာပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ဖို့ဆိုရင် ပေးထားချက်တွေ ပြည့်စုံဖို့လိုပါတယ်။ ဒါမှသာ Formula တွေ တွက်ချက်နည်းမျိုးစုံနဲ့ အဖြေမှန်ရဖို့ အဆင့်ဆင့် ကြိုးစားတွက်ချက်ရပါတယ်။ ယခု ရခိုင်အရေးဟာလည်း ဒီလိုပါပဲ။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ပြီးတော့မှ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ မှန်ကန်တဲ့သတင်းအချက် လုံလုံလောက်လောက် ရရှိဖို့လိုပါတယ်။

ဥပမာဆိုလို့ရှိရင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်မြေအမှတ်(၅)က ဦးမြင့်နိုင် ရဲ့ ဆွေးနွေးချက်မှာ ဆိုရင် အကြမ်းဖက်မှုဖြစ်ပွားတဲ့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တွေမှာ မူဆလင်ဘာသာ သင်ကြားပေးနေတဲ့ အာရ်ဗီကျောင်းပေါင်း (၂၀၃၉)ကျောင်းရှိတယ်။ အဲဒီအပြင် ကျောက်တော်မြို့မှာ

လည်း (၈၆)ကျောင်းရှိတယ်။ ဒီနေရာတွေမှာဆိုလို့ရှိရင် တက္ကသိုလ်တွေတောင် ရှိတယ်လို့ တင်ပြထားပါတယ်။ အဲဒီအပြင် ရခိုင်တစ်ပြည်လုံးမှာလည်း ဒီအာရပ်ဗီကျောင်းတွေဟာ (၃၀၀၀)ကျော် ရှိတယ်လို့ တင်ပြထားပါတယ်။ ဒါဆိုရင် ဒီလိုကျောင်းတွေနဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းတွေပေါ့။ လက်ရှိ အချက်အလက်တွေနဲ့ ပတ်သက်တဲ့၊ အခြေအနေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကျွန်မတို့ တိတိကျကျရှိဖို့ လိုပါတယ်။ ဒါတွေကို သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ ပညာရေး၊ လုံခြုံရေးဌာနတွေမှာ သတင်းအချက်အလက်တွေ ရှိပါသလား။ ဒီလိုပါပဲ။ ဘာသာရေးနဲ့ပတ်သက်တဲ့ ကျောင်းတွေ၊ ဗလီတွေ၊ မော်လဝီဆရာတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ သိရှိဖို့လိုပါတယ်။

ကျွန်မ ဒီဒေသကို ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွေမှာ (၄)ကြိမ်လောက် ရောက်ဖူးပါတယ်။ ဒါကြောင့် မော်လဝီဆရာတွေရဲ့ ဩဇာလွှမ်းမိုးမှုကြီးမားတာတွေကို၊ အုပ်ချုပ်ရေးစနစ်ရဲ့ အားနည်းယိုယွင်းမှု၊ အဂတိလိုက်စားမှုကို သိရှိရပါတယ်။ ဒါဟာဆိုလို့ရှိရင် ခေတ်အဆက်ဆက်က ကျွန်မတို့ ဒီအားနည်းခဲ့မှုတွေကြောင့် ကျွန်မတို့ အခုအချိန်မှာ မီးတောက်သေးသေးလေးကနေ အခုအချိန်မှာ ပြင်းထန်တဲ့ မီးတောက်ကြီး ဖြစ်လာပါတယ်။ ဒါကို ချက်ချင်းရေနဲ့ လောင်းချသလို ချက်ချင်းငြိမ်းသတ်ဖို့ မလွယ်ပါဘူးရှင်။ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဟာ ဥပဒေ ပုဒ်မ ၃၆၄ မှာ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရ။ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာစေရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်လို့လည်း သတ်မှတ်ပြဋ္ဌာန်းထားပါတယ်ရှင်။ ဒါကြောင့်မို့လို့ ကျွန်မ ဒီနေရာမှာ ခုနတုန်းက ပြောသလိုပေါ့နော်။ ကျွန်မတို့ ဒီဘာသာရေးနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ကျွန်မတို့ သေချာသတင်းအချက်အလက်ရယူပြီးတော့ ဥပဒေအရ အရေးယူဆောင်ရွက်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဦးမြင့်နိုင် မှလည်း နယ်စပ်လုံခြုံမှုအကြောင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားပါတယ်။ အဲဒီအပြင် အဆိုရှင်ကိုယ်တိုင်လည်း ဒီလိုမျိုးဖြစ်ရပ်တွေဟာ ကျွန်မတို့ ဒီနယ်စပ်ကနေပြီး ခိုးဝင်လာတဲ့ကြောင့်မို့လို့ အခြေချနေထိုင်လာတဲ့ သူတွေများလာတယ်။ နယ်စပ်လုံခြုံမှုမရှိဘူးလို့ တင်ပြထားတဲ့ကြောင့်မို့လို့လည်း ဒီ နယ်စပ်လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မတို့ အလေးထား ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်လို့ ကျွန်မအနေနဲ့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်မှာဆိုလို့ရှိရင် အစိုးရအနေနဲ့ ငြိမ်းချမ်းရေးရရှိရေးကို ဦးစားပေးပြီးတော့မှ အားလုံးအတွက် လွတ်လပ်ညီမျှတဲ့ အခွင့်အရေး တရားမျှတမှုရရှိရေး အခြေခံတဲ့ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ် တည်ဆောက်ဖို့ အစိုးရက သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ဆယ်စုနှစ်များစွာ တွေ့ကြုံခဲ့ရတဲ့ ပဋိပက္ခတွေ၊ အထီးကျန်မှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့တဲ့အတွက်ကြောင့် အခုလက်ရှိ ရင်ဆိုင်နေရတဲ့ ဒီပြဿနာတွေ ဖြေရှင်းရာမှာ အခက်အခဲနဲ့ စိန်ခေါ်မှုတွေရှိတဲ့အတွက်

ကြောင့်မို့လို့ ချက်ချင်းလက်ငင်းကြီးတော့ ကျွန်မတို့ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်မှာမဟုတ်ကြောင်း ဆိုတာ ဖော်ပြထားပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် တာဝန်ရှိသူတွေကနေပြီးတော့မှ သက်ဆိုင်သူတွေအားလုံးက ရခိုင်မြောက်ပိုင်း အကြမ်းဖက်မှုတွေကို ကျွန်မတို့ မျက်ခြေမပြတ် စောင့်ကြည့်ပြီးတော့မှ အလေးထားဆောင်ရွက်နေတဲ့အပေါ်မှာ ကျွန်မတို့အားလုံး ယုံကြည်မှုအပြည့်နဲ့ ထောက်ခံပြီးတော့မှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီကြေညာချက်မှာ ဖော်ပြထားတဲ့အတိုင်း ကျွန်မတို့ ဒီနိုင်ငံရေးပါတီတွေ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီဆောင်ရွက်နေတဲ့ ရခိုင်မြောက်ပိုင်းအရေးကိစ္စတွေမှာ အစွမ်းရောက်တိုက်ဖျက်မှုတွေကို ကျွန်မတို့ ဒါတွေကို ထောက်ခံမှုပြသရင်းနဲ့ ရခိုင်ပြည်နယ် အရေးပေါ့နော်။ ဒါတွေကို ကျွန်မတို့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားဖို့ တိုက်တွန်းထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လွှတ်တော်အနေနဲ့လည်း ဒီကိစ္စမှာ နိုးနိုးကြားကြား တက်တက်ကြွကြွနဲ့ ယခင်ကထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့၊ ပိုပြီးတော့မှ အပြည့်အဝ ဆောင်ရွက်ဖို့လည်း ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။

နောက်ဆုံးအနေနဲ့တော့ ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်အပါအဝင် မြန်မာပြည်တစ်ဝန်း ငြိမ်းချမ်းပြီးတော့မှ ကျွန်မတို့ အားလုံး အေးအေးချမ်းချမ်းနဲ့ နေနိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၆။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ ဦးခင်မောင်လတ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)ရဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ဖို့ ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ဖော်ထုတ်နိုင်ရုံနဲ့ ဖမ်းဆီးနိုင်မှာလား။ ဖမ်းဆီးရရင်ရော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ အရေးယူလို့ ရမှာလား။ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ဘယ်လိုအရေးတယူ ဆောင်ရွက်ဖို့လိုတာလဲ ဆိုတာကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point နဲ့ ဆွေးနွေးပါရစေခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို အားလုံးသိပြီးဖြစ်ပါတယ်။ ဒီအခြေအနေတွေဟာ ၈-၈-၂၀၁၇ ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၁၇) အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)မှာ အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် သတ်မှတ်သည်လို့ ကြေညာရုံ၊ ၆-၈-၂၀၁၇ ရက်နေ့ မောင်တောဒေသ စုံစမ်း စစ်ဆေးရေးကော်မရှင်က နိုင်ငံတော်ပုန်ကန်မှု ဖြစ်စဉ်ဖြစ်ကြောင်း သတင်းစာရှင်းလင်းရုံနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအရ အရေးယူလို့ ရ/မရ ကျွန်တော်တို့ ကြည့်ကြရအောင်ပါ။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁ ကနေ ၁၈ အထိ)မှာ ပါတဲ့ အကြမ်းဖက်မှုဆိုတဲ့နေရာမှာ အပိုဒ်ခွဲငယ် (၉)(၁၀)(၁၂)(၁၃)(၁၅)(၁၆)မှာ ဖော်ပြချက်တွေနဲ့ ရခိုင်ပြည်နယ်၊ မေယုဒေသမှာ ဖြစ်ပွားနေတာတွေ အတူတူဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဆိုရင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ အရေးယူနိုင်ပါပြီ။ ဒါပေမဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ ရခိုင်ပြည်နယ် တရားလွှတ်တော်ကို ဆက်သွယ်မေးမြန်းကြည့်တော့ ဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ အမှုပေါင်း(၃၀)ကျော် ဖွင့်လှစ်ထားပြီး တရားခံပေါင်း(၅၀၀)ကျော်ကို လူသတ်မှု၊ မတရားအသင်း ဆက်သွယ်မှု၊ ပ.ပ.က လက်နက်မှု စတဲ့အမှုတွေနဲ့ တရားစွဲဆိုထားပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနဲ့ တရားစွဲဆို ဆောင်ရွက်ထားတဲ့အမှု (၁)မှုမှ မရှိသေးဘူးလို့ သိရပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေအခန်း(၆)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်သောပြစ်မှုများ ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ(ဃ)မှာ ဖော်ပြချက်အရ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဟာ နိုင်ငံတော်ပုန်ကန်သူတွေ၊ အကြမ်းဖက်အဖွဲ့ဝင်တွေကို ဖော်ထုတ်ဖမ်းဆီးအရေးယူဖို့ကိစ္စ ပေါ်ပေါက်လာပါပြီ။ ဘယ်သူတွေက ဒီကိစ္စကို တာဝန်ယူဆောင်ရွက်ရမှာလဲ။ အဖြေက ရှင်းပါတယ်။ နိုင်ငံတော်က ပြည်ထောင်စုအစိုးရ အဖွဲ့က တာဝန်ယူဆောင်ရွက်ပေးရမှာပါ။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမှာက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ဖြစ်ပါတယ်။ ဒီ ဝန်ကြီး ဌာနတွေရဲ့ ပြည်ထောင်စုဝန်ကြီးတွေကို အမည်စာရင်း တင်သွင်းခန့်အပ်စေနိုင်တာက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ ပုဒ်မ ၃၃၇ အရ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်ပါတယ်။ ပုဒ်မ ၃၃၉ အရ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင် ရမှာပါ။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၂ အရ နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကို ခန့်အပ်တာဝန်ပေးရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် အထက်ကဖော်ပြခဲ့တဲ့ ဝန်ကြီးဌာန(၃)ခုနဲ့ တပ်မတော်သည် နိုင်ငံတော်သမ္မတရဲ့ ခန့်အပ်တာဝန်ပေးမှုအရသာ ဆောင်ရွက်ရခြင်း ဖြစ်တယ်ဆိုတာ နားလည်ရပါမယ်။ ပုဒ်မ ၅၇ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုပြီး ပုဒ်မ ၅၈ အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း လုံးတွင် နိုင်ငံသားအားလုံး၏ အထွဋ်အထိပ်နေရာ ရရှိသည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုရှင်နဲ့ ရှေ့ကကိုယ်စားလှယ်များ ဆွေးနွေးချက်များမှာ ပါရှိသလို မေယုဒေသက များပြားလှတဲ့ ကျေးရွာတွေဟာ ရခိုင်တိုင်းရင်းသားတွေ မနေထိုင်နိုင်တော့ပါဘူး။ အခု ဒီရွာတွေကို အပိုင်စီးနေထိုင်ကြတဲ့ ဘင်္ဂါလီများဟာ ၁၅၃၁ ခုနှစ်၊ မြောက်ဦးဘုရင် မင်းဗာကြီးလက်ထက် ဘင်္ဂလားနယ်ကိုတိုက်ပြီး မူဆလင်(၄၀၀၀)စတင်ဖမ်းဆီး ခေါ်ဆောင်ရောက်ရှိလာတာကစလို့၊ ၁၈၂၅ ခုနှစ်နောက်ပိုင်း အင်္ဂလိပ်က လယ်ကူလီအဖြစ် အမြောက်အမြားခေါ်လာပြီး ပြန်မသွားတော့လို့၊ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေ စိုးမိုးမှုမရှိဘဲ စီးပွားရေးအဂတိတရားတွေနဲ့ မှတ်ပုံတင်ကတ်တွေ ပြုလုပ်ပေးလို့၊ ဒီဘက်ခေတ်မှာ နိုင်ငံရေးအဂတိတရားတွေနဲ့ ကိုယ့်ကိုမဲပေးနိုင်ဖို့ White ကတ်တွေ တရားဝင်ထုတ်ပေးလို့၊ အခုအချိန်ထိလည်း ကိုယ်ကျိုးရှာသူအများအပြားရှိနေလို့ ဆိုတာတွေကြောင့် ဘာသာရေးနဲ့တိုက်ရိုက်ပတ်သက်ပြီး ထိလွယ်ရှလွယ် အကဲဆတ်လွန်းတဲ့ ရခိုင်ပြည်နယ်ရဲ့ ပြဿနာဟာ ထင်သလောက်တော့ မလွယ်ကူပါဘူး။ အဓိက ကျွန်တော်မြင်တာကတော့ အခုအချိန်အထိ ဖြစ်ပြီးပျက်ပြီးတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ အတိတ်ကိုပြန်သွား မမှားအောင် လုပ်မရနိုင်တော့တဲ့ အခြေအနေမှာ ပြည်ထောင်စုအစိုးရဘက်က ပညာသားပါပါ ထပ်မံထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းအောင် မျှမျှတတ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်သလို ကျန်တဲ့နိုင်ငံရေးပါတီများနဲ့ အဖွဲ့အစည်း အသီးသီးတို့ကလည်း တိုင်းရင်းသားများနဲ့ နိုင်ငံသူ၊ နိုင်ငံသားအများစုက ကိုယ့်ကို ထောက်ခံမှုပိုမို ရရှိအောင် ကိုယ့်အဖွဲ့အစည်းကိုသာ အားကိုးယုံကြည်လာအောင် ဆိုတဲ့စိတ်မျိုးနဲ့ နိုင်ငံရေးအကျိုးအမြတ် ရှေးရှုဆောင်ရွက်မှုတွေမပါရှိဘဲ အတူလက်တွဲ ဖြေရှင်းဆောင်ရွက်မှသာ အချိန်တော်တော်ကြာမှ ပြေလည်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မည်သည့်ဘာသာတရားကိုမျှ မူတည်၍ ဆွေးနွေးခြင်းမဟုတ်ဘဲ အဆိုရှင်ရဲ့ အကြမ်းဖက်သို့ ဖြစ်တည်တဲ့ ဇစ်မြစ်ယုံကြည်ချက်နဲ့ ကာကွယ်ရေးဆိုင်ရာများကို ခြုံငုံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစွန်းရောက်အကြမ်းဖက်များက (၇၈၆)ပေါင်းပါက(၂၁) ကျမ်းစာ SYMBOLISM အရ ပြည့်ဝစုံလင်ခြင်း၊ ကောင်းခြင်းမင်္ဂလာဟု အဓိပ္ပာယ်ဖွင့်ဆိုရမယ့်အစား မှားယွင်းစွာ (၂၁)ရာစု၌ ISLAMIC ကမ္ဘာ ဖြစ်ရမည်။ ၎င်းအားအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြမ်းဖက်နည်းဖြင့် စစ်ပွဲများဆင်နွှဲခြင်းသည် မြင့်မြတ်သော စစ်ပွဲ JIHAD လုပ်သည်ဟု ခံယူကြသည်။ ၎င်းတို့အား ဆန့်ကျင်သော မည်သူမဆို မိစ္ဆာများအဖြစ်သတ်မှတ်၍ ချေမှုန်းရမည်ဟု ဖြစ်ပါတယ်။ ဘာသာရေးကို ခုတုံးလုပ်ကာ AKSA, RSO တို့သည်

ကောင်းမွန်လျက်ရှိသော ဘာသာတူများကို အကြမ်းဖက်ဝါဒဖြင့် ပူးပေါင်းလာရန် ထင်ယောင်ထင်မှား ဆွဲဆောင်၍ ဆိုးဖော်ဆိုးဖက်၊ မိုက်ဖော်မိုက်ဖက် CONTRATA အဖော်ညှိနှိုင်းလျက်ရှိပါတယ်။

ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ သာဓကအနေနဲ့ ကောင်းမွန်လျက်ရှိသော အစ္စလာမ်အများစုက စစ်သွေးကြွအကြမ်းဖက် လူနည်းစုတွေကို အရှေ့အလယ်ပိုင်းနိုင်ငံတွေမှာ တိုက်ပွဲများ အပြင်းအထန် ဆင်နွှဲနေကြပါတယ်။ နှစ်ပေါင်း(၉၀)ကျော်ကြာခဲ့တဲ့ CRUSADE စစ်ပွဲများကြောင့် ယောကျာ်းလေး၊ မိန်းကလေး အချိုးဟာ (၄း၁)ဖြစ်ခဲ့၍ ကျွေးမွေးနိုင်ပါက မိန်းမ(၄)ဦး ယူလို့ရတယ်ဆိုတဲ့ အကြောင်းပြ ချက်ဖြင့် ရခိုင်ဒေသမှာရှိတဲ့ ဘင်္ဂါလီများ POLYGAMY ကျင့်သုံးကာ လူဦးရေ ပေါက်ဖွားနှုန်း လျင်မြန်တိုးတက်စေပြီး လ.ဝ.က ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ မြေမြို၍ လူမျိုးမပျောက်၊ လူမြို၍လူမျိုး ပျောက်မည်ဆိုတဲ့ ဗျူဟာကို အသုံးချ၍ အခုတော့ ရခိုင်ပြည်နယ်၊ များမကြာမီတော့ မြန်မာတစ်နိုင်ငံလုံး အား Manpower ဖြင့် ဝါးမျိုနိုင်ရန် ကြိုးစားနေခြင်းကို အဆိုရှင်ရဲ့ Power Point မြေပုံအား ထောက်ရှု လို့ရပါတယ်။

ယင်းတို့ရဲ့ ဘိုးအေ ဆရာကြီးဖြစ်တဲ့ I.S များသည်လည်း နေတိုးတပ်ပေါင်းစုများနဲ့ တိုက်ခိုက် လာနိုင်တဲ့အထိ အင်အားကြီးထွားလာနေပြီ ဖြစ်ပါတယ်။ အကြမ်းဖက်များ ရခိုင်ပြည်နယ်မှာ အတင့်ရဲလာတဲ့ အကြောင်းရင်းနောက်တစ်ခုကတော့ တပ်မတော်က ကချင်နဲ့ ရှမ်းပြည်နယ်တွေမှာ စစ်ပွဲဆင်နွှဲနေရတော့ ၎င်းတို့ကို ထိုးစစ်ဆင်လာနိုင်မည်မဟုတ်ဟု တွက်ဆခဲ့သည်မှာလည်း မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတာ အခုတော့ တပ်မတော်က နယ်မြေရှင်းလင်း နေပြီမို့လို့ပါပဲ။ အကြမ်းဖက်တို့ရဲ့ ရခိုင်ပြည်နယ်၌ လုပ်ရပ်များသည် အပြစ်မဲ့တဲ့ ဒေသခံတိုင်းရင်းသား တို့အား ရက်စက်ကြမ်းကြုတ် လူမဆန်စွာ လူမျိုးပြုန်းသတ်ဖြတ်တဲ့ ကမ္ဘာ့စစ် ရာဇဝတ်မှုကြီးပဲ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်ရန်မှကာကွယ်ရန် သာမန်ဗျူဟာလောက်နဲ့တော့ အောင်မြင် နိုင်မှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံ၌ ဒီရန်က ၁၉၄၂ ခုနှစ်မှစတင်ခဲ့ပြီး ၁၉၆၆-၁၉၇၄ ထိ ရွှေကျီး၊ မြတ်မွန်၊ စပယ်စစ်ဆင်ရေးများနဲ့ စစ်ဆင်အရေးယူခဲ့ပေမယ့် အနောက်ဘက်တံခါးပြဿနာ မတားဆီး နိုင်ခဲ့ပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဦးနေဝင်း ရဲ့ ၁၉၇၈ နဂါးမင်း စစ်ဆင်ရေးကပဲ မူဂျာဟစ် သူပုန်တွေကို အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့ပါတယ်။ တိုက်ပွဲဝင်တပ်မှူး များ ကိုယ်တိုင်တိုက်၊ ကိုယ်တိုင်ရေး တိုက်ပွဲများ သတ္တမတွဲတွင် တွေ့ရပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ ဒေသခံရခိုင်ပြည်သူများဖြစ်နိုင်ပါက နိုင်ငံတွင်းရှိ ဘင်⍰ဂါလီကိုယ်စားလှယ်များပါ ပါဝင်စေပြီး အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေကို အကောင်အထည်ဖော်မယ့် အဖွဲ့ကြီးတစ်ဖွဲ့ ဖွဲ့စည်း၍ အရေးတကြီးကိစ္စ တစ်ရပ် အနေနဲ့ မဟာဗျူဟာမြောက်ချမှတ်ပြီး ပြဿနာဖြစ်ပြီးမှမဟုတ်ဘဲ ကြိုတင်ကာကွယ်တားဆီး၍ အမြစ်ပြတ် ချေမှုန်းကြရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအစွန်းရောက် အကြမ်းဖက်တွေက ပြည်သူ ထဲက ပြည်သူ၊ ကိုယ်ပျောက် အကြမ်းဖက်တွေပဲ ဖြစ်နေလို့ပါပဲ။ သက်ဦးဆံပိုင် MONARCHY စနစ် ဖြစ်တဲ့ မယားအမြောက်အမြားယူတဲ့စနစ်ကို ကျင့်သုံးလို့ မရတော့ပါဘူး။ နိုင်ငံတွင်းရှိ ဘင်္ဂါလီများ ကလည်း တစ်လင်တစ်မယားဥပဒေကို

တစ်ပြေးညီ အမျိုးသားလွှတ်တော် ဩဂုတ်လ ၂၁ ရက်
အားပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားဒေသတွေက စစ်ပွဲများ ချက်ချင်းရပ်တန့်သင့်ပါတယ်။ ဒါမှ မဟုတ်ရင် နွားကွဲ ကျားကိုက်ခံရမှာပဲ ဖြစ်ပါတယ်။ အဆိုထဲကလို နေရပ်စွန့်ခွာထွက်ပြေးကြတဲ့ I.D.Ps ပြဿနာက ပြည်နယ်တွေ၊ အိမ်နီးချင်းနိုင်ငံတွေအထိ ဝန်ထုပ်ဝန်ပိုးဖြစ်လို့လာနေပါပြီ။ နိုင်ငံတကာ ပြဿနာဖြစ်မလာဖို့ အရေးကြီးပါတယ်။ တပ်မတော်ဦးဆောင်တဲ့ အေးချမ်းဖြိုးအစိုးရခေတ်က အပစ် အခတ်ရပ်စဲခဲ့တဲ့အချိန် ဆွေးနွေးညှိနှိုင်းခဲ့လို့ ငြိမ်းချမ်းရေးအတော်အတန် ရရှိခဲ့ပါတယ်။ အသီးအပွင့် များအနေနဲ့ ဒီမိုကရေစီအစိုးရသက်တမ်းသစ် နှစ်ခုမှာ တစ်ချိန်တုန်းက သူပုန်တွေတောင် လွှတ်တော်၊ အစိုးရအဖွဲ့အစည်းအထိ တာဝန်ထမ်းဆောင်လာနိုင်ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်များက အကြမ်းဖက်သမားတွေ မဟုတ်ပါဘူး။ ညှိနှိုင်းလို့ရပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ငြိမ်းချမ်းရေးညီလာခံ မပြီးဆုံးသရွေ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းစွာ အားလုံး ပါဝင်ပူးပေါင်းကြပါက မနှေးအမြန်ထာဝရ ငြိမ်းချမ်းရေးရနိုင်မည် ဖြစ်ပါတယ်။ သူတစ်လူ ငါတစ်မင်း ဖြစ်နေလို့ကတော့ KHORAZAN ယောနကတိုင်းလို့ ခေါ်ခဲ့တဲ့ အာဖဂန်နစ္စတန်၊ အင်ဒိုနီးရှားတို့လို ဘာသာ၊ သာသနာ ပျက်သုဉ်းခြင်းသို့ ရောက်ကြပါလိမ့်မယ်။ ဒါကြောင့် ပြည်တွင်းပြည်ပ အကြမ်းဖက်ရန်များနဲ့ အခြား ရန်များမှ ကာကွယ်နိုင်ရန် တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး လက်တွဲညီညာ တွန်းလှန် ကာကွယ် ချေမှုန်းသွားကြပါစို့လို့ ဆွေးနွေးရင်း နိဂုံးချုပ် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဖြစ်ပါတယ်။ ဦးခင်မောင်လတ် ရဲ့ အဆိုအပေါ် ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားကြတဲ့ အချက်တွေနဲ့ ပေါင်းစပ်သုံးသပ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသေအပျောက်(၁၀၀)လောက်ရှိပြီဖြစ်တဲ့ ရခိုင်ဒေသဟာ အခုဆိုရင် သွေးပျက်နေပြီ ဖြစ်ပါတယ်။ ဒါတွေကို အလျင်အမြန်ကုစားရပါမယ်။ တစ်နေ့က ရခိုင်ကိုယ်စားလှယ် တော်ကြီး ဆွေးနွေးသွားသလို တစ်ဖက်က ငွေကြေးအင်အားကလည်း ပြည့်စုံ၊ မီဒီယာအားကလည်း ကောင်းဆိုတော့ တစ်ဖက်ရဲ့ ဝါဒဖြန့်မှုတွေကသာ ကမ္ဘာ့အမြင်မှာ ပိုထင်ခဲ့တာ မှန်ပါတယ်။ အရင် အစိုးရတွေက ဒါ ပြည်တွင်းရေးသာဖြစ်တယ်ဆိုပြီး ပြောနေခဲ့တာပါ။ နိုင်ငံကလည်း ဆင်းရဲ၊ သတင်းဆို လည်း အမြဲတမ်းအမှောင်ချ ကာယကံရှင်ကိုယ်တိုင်ပြောတာဆိုတော့ ပြင်ပကမ္ဘာက မယုံကြည်ခဲ့တာ မဆန်းပါဘူး။ ဥပမာ လင်နဲ့မယားရန်ဖြစ်ကြတယ်။ အဲဒီနှစ်ယောက်ပြောတာထက် ကြားလူတစ်ဦးပြော တာကိုမှ ပိုယုံတတ်တဲ့သဘောပါ။ ရခိုင်ဖြစ်ရပ်ကို ဘောလုံးပွဲလို သုံးသပ်ရမယ်ဆိုရင် သွေးဆူလွယ်တဲ့

[illegible] ျာတွေကို [illegible] အပေါ် အနိုင်ကျင့်နေကြပါတယ်ဆိုပြီး မီဒီယာကတစ်ဆင့် ကမ္ဘာကို ဖွ အော်၊ ဒီတော့ တကယ်စိုးရွံ့ထိတ်လန့်နေရတဲ့ ရခိုင်တွေရဲ့ ဖြစ်ရပ်က နောက်ကွယ်မှာ မှုန်ဝါးပြီး ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံက ကိုဖီအာနန်တို့လို ထင်ရှားတဲ့ ပုဂ္ဂိုလ်မျိုးတွေရဲ့ ကြားခံအသံနဲ့ ဖြေရှင်းဖို့ကြိုးစားနေတာ ဖြစ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်တဲ့နေ့ဟာ အကြမ်းဖက်အုပ်စုအတွက် ဘုံပျောက်တဲ့နေ့ပါပဲ။ သူတို့လည်း ဒါကို မှန်းထားလို့ ဒီကော်မရှင်ဖွဲ့ပြီးချိန်ကစပြီး အကြမ်းဖက်မှုတွေ တိုးမြှင့်လာတာ ဖြစ်ပါတယ်။ အကြမ်းဖက်မှုမြင့်တက်လာခြင်းရဲ့ အဓိကအကြောင်းအရင်း ဖြစ်ပါတယ်။ လက်နက်ကိုင်အကြမ်းဖက်လိုသူတွေအတွက် မရှိမဖြစ် လိုအပ်ချက်က မတည်ငြိမ်မှုနဲ့ မအေးချမ်းမှုပါ။ ဒါတွေရှိနေမှ တကယ့်ဆရာကြီးတွေအဖြစ် ဒီနေရာကို ချုပ်ကိုင်၊ ငွေကြေးနဲ့ အခွင့်အရေးကို တစ်ဖက်လှည့်နဲ့ ရယူနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပုံစံသစ်နဲ့ လုံခြုံရေးကင်းစခန်းကိုပါ တိုက်ခိုက်လာတာ တွေ့ရပါတယ်။ အရပ်သားကို ပြန်ကြမ်းလေ ပိုကြိုက်လေပါပဲ။ သူတို့လိုချင်တာ ဒါပါ။ ဒီကြားထဲ အစိုးရသစ်ရဲ့ နောက်ကျောကို ဓားနဲ့ထိုးမယ့်အကြံနဲ့ ဒီနှစ်ဆန်းက ဟိုးလေးတစ်ကြော်ဖြစ်ခဲ့တဲ့ ပုံထဲက ပြည်သူ့ရဲ့ (၁)ဦးရဲ့ ဗွီဒီယိုရိုက်ချက်ကလည်း အစိုးရကို မြွေပူရာ ကင်းမှောက်စေပါတယ်။ အခုလည်း TIMING ကိုက်ပြီး လုပ်ထားပြီးသားလို့ ထင်ပါတယ်။ ပုံမှာ ကမ္ဘာကို ကြော်ငြာထားပြီးသားပါ၊ တကယ်လို့ ကျွန်တော်တို့တွေ ထုံးစံအတိုင်း ဒေါသနဲ့တုံ့ပြန်မိရင် သူတို့ဆင်တဲ့ အကွက်ထဲ ဝင်သွားမှာဖြစ်လို့ သတိထားကိုင်တွယ်ရပါမယ်။ ဒီမူဆလင်ဘာသာဝင်(၁)သန်းကျော်ဟာ အစိုးရသစ်တက်မှ ဒီနေရာကို ရောက်လာတာ မဟုတ်ပါဘူး။ အစိုးရအဆက်ဆက်က ဖြေရှင်းဖို့ အားမစိုက်ခဲ့ခြင်း၊ အကျင့်ပျက်ခြစားမှုများ များပြားခြင်းတို့ကြောင့် မူလရှိနေသူနဲ့ ခိုးဝင်သူတွေပေါင်းပြီး ဒီလောက်အထိ များပြားလာခြင်း ဖြစ်ပါတယ်။

ဒီအပြင် ကိုယ်လိုချင်တဲ့ မဲအတွက် White ကတ်နဲ့ မဲထည့်ခွင့်ရအောင် ဖန်တီးခဲ့တာတွေ ပြောရရင်အများကြီးပါ။ မြန်မာပြည်မှာ နှစ်ပေါင်း(၅၀)ကျော်အတွင်း ဒီမိုကရေစီအရပ်သား အစိုးရ ပေါ်ထွန်းခဲ့ဖူးတာ အခုမှ ပထမဆုံးပါ။ (၁)နှစ်ခွဲတောင် မပြည့်သေးပါဘူး။ အစိုးရသစ်က ဒါတွေကို ဥပဒေနဲ့ညီအောင် ကြိုးစားနေတာဖြစ်လို့ အချိန်ပေးရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး ဆွေးနွေးသွားပါတယ်။ အရင်အစိုးရလက်ထက်က သိုသိုသိပ်သိပ်နဲ့ ပြည်တွင်းရေးဖြစ်အောင် လုပ်ခဲ့တယ်။ အခုအစိုးရလက်ထက်ကျမှ ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက် လေးနေပါပြီတဲ့။ ပြည်ပပညာရှင်တွေကို အကူအညီတောင်းရတဲ့အချက်ကို အပေါ်မှာ ကျွန်တော်ရှင်းပြီးဖြစ်ပါတယ်။ အဲဒီတုန်းက ပြည်တွင်းရေးသက်သက်နဲ့ သိုသိုသိပ်သိပ် တကယ်ရော ဖြစ်ခဲ့ပါရဲ့လား၊ ဖြစ်ရပ်များနဲ့ တိုက်ဆိုင်မှုများအပေါ် ကျွန်တော် ပြန်လည် သုံးသပ်ကြည့်ပါမယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ NLD ပါတီ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ပါတယ်။ အနိုင်ရပြီး လွှတ်တော်ထဲရောက်ပါတယ်။

မေလမှာ ဒီဇာတ်လမ်းရဲ့အစ ရခိုင်တိုင်းရင်းသူတစ်ဦး အသတ်ခံရပါတယ်။ ဇွန်လမှာ တောင်ကုတ်လမ်းမှာ ခရီးသွားမူဆလင်တွေ အသတ်ခံရပါတယ်။ ဒီနောက် စစ်တွေမှာ ဆန္ဒပြပွဲတွေဖြစ်၊ အဲဒီနောက် အပြန်အလှန် အကြမ်းဖက်ကြနဲ့ ရခိုင်ဒေသမှာ စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းလိုက်ရပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ် မှာ NLD အမတ်တစ်ဦးက ဝန်ကြီးတွေ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး အဆိုတစ်ခုတင်ပါတယ်။ အဆိုက ရှုံးပေမယ့် မီဒီယာနဲ့ ပြည်သူကြားမှာတော့ အုတ်အော်သောင်းနင်း ဖြစ်သွားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ၂၀၁၃ ခုနှစ်မှာ ရခိုင်က မီးပွားက ဖုတ်ကနဲဆို ရခိုင်ကနေ ဗုဒ္ဓဘာသာ- မူဆလင် မီးပွားအဖြစ် ပြည်တွင်းမှာ စတင်လောင်မြိုက်ပါတော့တယ်။ မိတ္ထီလာ၊ လားရှိုး၊ ဥက္ကံ၊ မန္တလေးကအစ တစ်နိုင်ငံလုံး ကူးဆက်လောင်ကျွမ်းခဲ့တာဟာ ပြည်တွင်းရေးသက်သက်ဆိုတာ ဒါလားလို့ မေးရမလိုပါပဲ။ အမုန်းစကားတွေ၊ အမုန်းတရားတွေ ဖြန့်နေသူတွေပေါ် အစိုးရက လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေရော၊ မူဆလင်တွေရော၊ ရခိုင်တွေရော တစ်နိုင်ငံလုံးက ပြည်သူ သူ့အပူနဲ့သူ ဘယ်သူမှ မကူနိုင်ကြပါဘူး။ နာမည်ကြီးမင်းသားတစ်လက်တောင် ထွက်ပေါ်လာခဲ့ပါတယ်။ နောက်ကွယ်က လက်မဲကြီးပါတဲ့။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ရခိုင်မှာ အကြမ်းဖက်မှု မြင့်တက်လာတာနဲ့အတူ အဲဒီမင်းသားက ထပ်ကဖို့ ကြိုးစားခဲ့ပါသေးတယ်။ ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မှာပါ။ ဒါပေမဲ့ လက်ရှိအစိုးရက ဒီမီးစာကို မီးမွှေးခွင့်မပြုပဲ ချက်ချင်းဟန့်တားခဲ့တာကြောင့် ကိုယ်စားလှယ်တော်ကြီး ပြောသလို ပြည်တွင်းရေး သက်သက် မဖြစ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒီတော့ အကျိုးအမြတ်အနေနဲ့ ဘာရလိုက်ပါသလဲ။ ပြည်မက ပြည်သူတွေရော အစိုးရအနေနဲ့ပါ ရခိုင်ဒေသအပေါ် ပိုပြီးအာရုံစိုက်လာနိုင်တဲ့ အနေအထားတစ်ခုကို ရရှိလိုက်ပါတယ်။ အခုဆို နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ဦးဆောင်မှုနဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့နဲ့ တပ်မတော်ပါ ရခိုင်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် မနားမနေ အာရုံစိုက်ဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်စုံတစ်ဦးကို၊ အဖွဲ့အစည်းတစ်ခုကို တိုက်တွန်းတယ်ဆိုတာဟာ သူ့တာဝန်ကို သူမလုပ်တဲ့အခါမှသာ ကျွန်တော်တို့ ပြုလုပ်ရတဲ့ တွန်းအားပေးခြင်း ဖြစ်ပါတယ်။ မိမိလုပ်ရမယ့် တာဝန်ကို အဆက်မပြတ် လုပ်ဆောင်နေသူတွေအပေါ် ထပ်ပြီး တိုက်တွန်းသင့်/မသင့် ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားနိုင်ဖို့အတွက် သုံးသပ်တင်ပြရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

၂၀၁၇ ခုနှစ်]                                        ဆွေးနွေးခြင်း

နိုင်ငံတော်အတိုင်ပင်ခံနှင့် ကိုဖီအာနန် တို့က ကြားခံအသံဖြင့် ဖြေရှင်းရန် ကြိုးစားနေသည့် မြင်ကွင်းပုံ (ကစ)




10 Conflicts  to Watch in 2017 ၏ မြင်ကွင်းပုံ (ကစ-၁)



အုတ်အော်သောင်းနင်း ဖြစ်နေသော မြင်ကွင်းပုံ (ကစ-၂)



**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ (၄၇)ရက်မြောက်နေ့ ၂၂-၈-၂၀၁၇ (အင်္ဂါနေ့) အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇) ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၁၂း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]